ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့၊ (19-3-2012) (၇၀၆၉)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ခေတ်မီနည်းစနစ်ဖြင့် တိုးတက်အောင်မြင်နေသည့် နိုင်ငံများနည်းတူ တိုးတက်အောင်မြင်လိုသည့်စိတ်ဓာတ်ကို မွေးမြူ

ဆန်စပါးကို အဓိကစိုက်ပျိုးကြသည့် စစ်ကိုင်း၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အနေဖြင့် ကိုယ်တိုင်စိုက်ပျိုးသည့် ဆန်စပါးများကို ကိုယ်တိုင်ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာနှင့် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာတို့ရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေများ၌ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးများ စိုက်ပျိုးအောင်မြင်နေမှုများကို ကွင်းဆင်းသွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အလျင်လိုကျေးရွာရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေ စိုက်ခင်းသို့ရောက်ရှိပြီး ဖိလစ်ပိုင်ပုလဲသွယ်စပ်မျိုးစပါး၊ ဗီယက်နမ်ပုလဲသွယ်စပ်မျိုးစပါးနှင့် မြန်မာပုလဲသွယ်စပ်မျိုးစပါးတို့၏ စပါးမျိုးစေ့၊ ဆန်နှင့်စပါးပင်နမူနာများကို ကြည့်ရှုစစ်ဆေးရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပုလဲသွယ်စပ်မျိုးစပါးတစ်မျိုးချင်း၏ စရိုက်လက္ခဏာနှင့် ဖြစ်ထွန်းအောင်မြင်မှုအား ရှင်းလင်းတင်ပြပြီး လက်တွေ့စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဆင့်မြင့်လယ်ယာမြေဧက ၃၆၉ ဧက တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဒေသခံတောင်သူများ၏ လယ်မြေဧက ၃၆၉ ဧကကို အဆင့်မြင့်လယ်ယာအဖြစ် တစ်ဆက်တစ်စပ်တည်း ဖော်ထုတ်ဆောင်ရွက်၍ ပုလဲသွယ်စပ်မျိုးစပါးများစိုက်ပျိုးခဲ့မှု၊ သက်တမ်း ၈၄ ရက်သားတွင် စပါးနှံများ စတင်ထွက်ရှိနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ လာရောက်လေ့လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံတောင်သူများအား လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိတ်ဓာတ်ပိုင်းပြုပြင်ပြောင်းလဲမှု၊ မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးမှု၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်ပြောင်းလဲမှု၊ ခေတ်မီမြေယာပြုပြင်မှုနှင့် စက်မှုလယ်ယာစနစ်ပြောင်းလဲမှုဟူသည့် ပြောင်းလဲမှု(၅)မျိုးဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သမားရိုးကျမိရိုးဖလာအတိုင်း စိုက်ပျိုးလုပ်ကိုင်လိုသည့်စိတ်ဓာတ်ကို ပြောင်းလဲ၍ ခေတ်မီနည်းစနစ်ဖြင့် တိုးတက်အောင်မြင်နေကြသည့် နိုင်ငံများနည်းတူ တိုးတက်အောင်မြင်လိုသည့် စိတ်ဓာတ်ကို မွေးမြူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးဇုန်များထူထောင်၍ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးကြရန်လိုအပ်ကြောင်း၊ သို့မှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးရေးကဏ္ဍ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေစိုက်ခင်း၌ ဖိလစ်ပိုင်ပုလဲသွယ်စပ်မျိုးစပါး၊ ဗီယက်နမ်ပုလဲသွယ်စပ်မျိုးစပါးနှင့် မြန်မာပုလဲသွယ်စပ်မျိုးစပါးတို့၏ စပါးမျိုးစေ့၊ ဆန်နှင့် စပါးပင်နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)**နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ အဆင့်မြင့်လယ်ယာမြေ ပုလဲသွယ်စပ်မျိုးစပါး ၂၈၈ ဧက စိုက်ခင်း၌ အောင်ချမ်းသာကျေးရွာမှ ဒေသခံတောင်သူများနှင့် နေပြည်တော်ရှိ ခေတ်မီအဆင့်မြင့် လယ်ယာမြေများသို့ လာရောက်လေ့လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။** (ဝဲပုံ) (သတင်းစဉ်)

ကြေးမုံစာတည်းရှေ့ထောင့်

၁၉-၃-၂၀၁၂[တနင်္လာနေ့]။

နိုင်ငံနှင့်ပြည်သူအကျိုးစီးပွားအတွက် သတိပြုစောင့်ထိန်း

ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးဖော်ဆောင်နေပြီဖြစ်သည်။ ဒီမိုကရေစီစနစ် ရင့်ကျက်ခိုင်မာလာစေရန် ပြုပြင်သင့်၊ ပြုပြင်ထိုက်သည်များကို ပြုပြင်လျက်ရှိသည်ကိုလည်း တွေ့မြင်နေရသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အဖွဲ့အစည်းများ၏ လုပ်နည်း၊ ကိုင်နည်းသာမက ပြည်သူနှင့်ထိတွေ့ဆက်ဆံရသော ဝန်ထမ်းများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်ဓာတ်ရေးရာများကိုလည်း ပြုပြင်ပေးလျက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။

ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်ဓာတ်ရေးရာတို့သည် ဝန်ထမ်းများသာမက နိုင်ငံသားအားလုံးနှင့်လည်း အကျုံးဝင်သည်မဟုတ်ပါလော။ ထို့ကြောင့် နိုင်ငံသားတိုင်းအား အသိပညာဗဟုသုတများ မျှဝေပေးလျက်ရှိကြပါသည်။ ဒီမိုကရေစီစနစ်အတွက် စည်းကမ်းဟူသည့် အုတ်မြစ်ကိုချပေးရသကဲ့သို့ စာရိတ္တတည်းဟူသော ပန္နက်တိုင်ကိုလည်း စိုက်ထူပေးရပေသည်။

ယနေ့နိုင်ငံအတွင်း ရှေ့တန်းတင်လျက်ရှိသော ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သည့် အဂတိတရားမှာ ဝန်ထမ်းများသာမက ဆိုင်ရာဆိုင်ရာလူများနှင့်လည်း သက်ဆိုင်ပါသည်။ အဂတိဟူသည်မှာ ကျယ်ဝန်းနက်ရှိုင်းသကဲ့သို့ ကိုင်တွယ်ရသည်မှာလည်း နူးညံ့သိမ်မွေ့လှပါသည်။ အဂတိဆိုသည်မှာ မလားအပ်သည်ကိုလားခြင်း၊ မလိုက်စားသင့်ဘဲ မျက်နှာကြီးငယ်လိုက်ခြင်းတို့ဖြစ်သည်။ ထိုအဂတိတွင် ဆန္ဒာဂတိ-ချစ်သဖြင့် မလားအပ်သည်ကိုလားခြင်း၊ ဘယာဂတိ-ကြောက်သဖြင့် မလားအပ်သည်ကိုလားခြင်း၊ ဒေါသာဂတိ-မုန်းသဖြင့် မလားအပ်သည်ကိုလားခြင်း၊ မောဟာဂတိ-တွေဝေမိန်းမောသဖြင့် အမှန်ကိုမသိဘဲ မလားအပ်သည်သို့ လားခြင်းတို့ပါဝင်ပေရာ မည်မျှကျယ်ဝန်းနက်ရှိုင်းသည်ကို သိသာနိုင်ပါသည်။

ထို့ကြောင့် ဝန်ထမ်းများသည်လည်း ဝန်ထမ်းများအလျောက်၊ ဆိုင်ရာဆိုင်ရာလူများနှင့်လည်း ဆိုင်ရာဆိုင်ရာအလျောက်အဂတိဂမန ကင်းရှင်းကြဖို့လိုပါသည်။ ဝန်ထမ်းများအဖို့တွင်မူ မလိုက်စားသင့်ဘဲ မျက်နှာကြီးငယ်လိုက်စေသည့် လာဘ်ပေး၊ လာဘ်ယူမှုသည် ရှေ့တန်းမှပါဝင်သည်။ လာဘ်ဟူသည့်တံစိုးလက်ဆောင်ပေးကြရာတွင် ပေးသူတွင် အပြစ်ရှိသကဲ့သို့ ယူသူတွင်လည်း အပြစ်ရှိသဖြင့် အားလုံးအသိရှိဖို့လိုပါသည်။

မျက်နှာကြီးငယ်လိုက်ခြင်းဆိုသည်မှာ နယ်ပယ်အသီးသီးတွင် အကျုံးဝင်လျက်ရှိသဖြင့် အားလုံးအသိ သတိရှိဖို့လိုပါသည်။ လာဘ်လာဘသည် သည်းခြေကြိုက်ဖြစ်၍ စွန့်နိုင်ခဲသောအရာဖြစ်ပါသည်။ လာဘ်ပေးမှမဟုတ်မူဘဲ မျက်နှာလိုက်၍ အကြိုက်ဆောင်လျှင်လည်း အဂတိလိုက်စားရာရောက်ပါသည်။ ယနေ့နိုင်ငံတော်က ဝန်ထမ်းများအား ရပိုင်ခွင့်များ၊ ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိရာ ရသည့်အခွင့်အရေးနှင့် ရောင့်ရဲတင်းတိမ်တတ်ဖို့၊ အဂတိကင်းရှင်းကြဖို့ လိုပါသည်။

အဂတိလိုက်စားသဖြင့် အခွင့်အရေးသည် တစ်ဦးတစ်ယောက်တည်းထံသို့ရောက်ရှိသွားတတ်ရာ အများအတွက်နစ်နာစေပါသည်။ ထိုယိုပေါက်ဟာပေါက်တို့ကို ပိတ်ထားနိုင်လျှင် နိုင်ငံနှင့်ပြည်သူအကျိုးစီးပွားတိုးပွားလာမည်ဖြစ်ပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုသည် သိမ်မွေ့ကျယ်ပြန့်လှပေရာ နိုင်ငံ့ဝန်ထမ်းများသာမက ဆိုင်ရာဆိုင်ရာလူတို့ သတိပြုစောင့်ထိန်းကြခြင်းဖြင့် နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ခေတ်မီအဆင့်မြင့် လယ်ယာမြေပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးသည့် တောင်သူများအတွက်

တင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေကျပ်နှစ်သိန်းစီပေးအပ်

နေပြည်တော် မတ် ၁၈

နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ ခေတ်မီအဆင့်မြင့် လယ်ယာမြေရှိ ပုလဲသွယ်စပ်မျိုးစပါးဧက ၂၀၀ စိုက်ပျိုးကြသည့် တောင်သူများအတွက် တင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေကျပ်နှစ်သိန်းစီ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ခေတ်မီအဆင့်မြင့် လယ်ယာမြေရှိ ရှင်းလင်းဆောင်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာ၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတကိုယ်တိုင် လယ်ယာမြေအထိ ကွင်းဆင်းပြီးတိုက်တွန်းအားပေးလျက်ရှိကြောင်း၊ ထိုသို့ တိုက်တွန်းအားပေးမှုနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ ပညာရှင်များ၊ မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းမှ လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပုလဲသွယ် စပ်မျိုးစပါးများကို ပြည်တွင်း၌ ထုတ်လုပ်၍ တောင်သူလယ်သမားများလက်ဝယ်သို့ ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခင်နှစ်မိုးရာသီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတို့၌ စပ်မျိုးစပါးများ ထုတ်လုပ်၍ ဧက ၂၀၀၀၀ စိုက်ပျိုးနိုင်သည့် မျိုးစေ့များကို နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ လာမည့်မိုးရာသီတွင် ဧကတစ်သိန်းနီးပါး စိုက်ပျိုးနိုင်မည့် မျိုးစေ့များကို တိုးတက်ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း။

ထို့အတူ ခေတ်မီနည်းစနစ်ဖြင့် စပါးစိုက်ပျိုးရာတွင် ပုဂ္ဂလိကကုမ္ပဏီများ၊ တောင်သူလယ်သမားများနှင့် မိမိဝန်ကြီးဌာနမှ ဝန်ထမ်းများက Public, Private, Partnership (PPP) အသွင်ဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာမှ တောင်သူ ၁၆၄ ဦး ပိုင်ဆိုင်သည့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း ၃၆၈ ဒသမ ၈ ဧကအတွက် ဧရာဟသ်ာဆန်စပါး အထူးပြုကုမ္ပဏီက စပါးတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေ ၇၃၇ ဒသမ ၆ သိန်းကို တောင်သူများထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့တွင်လည်း အောင်ချမ်းသာကျေးရွာရှိ ခေတ်မီအဆင့်မြင့် လယ်ယာမြေတွင် ပုလဲသွယ်စပ်မျိုး စပါးဧက ၂၀၀ စိုက်ပျိုးကြသည့် တောင်သူများအတွက် ကြိုတင်ငွေများ ပေးအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆန်ဈေးကွက်တွင် ထိုက်တန်သည့်ဈေးနှုန်းများရရှိရေးအတွက် ခေတ်မီဆန်စက်ကြီးများဖြင့် ကြိတ်ခွဲနိုင်ရန် လုပ်ငန်းရှင်ကြီးများက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူလယ်သမားများ အနေဖြင့်လည်း နိုင်ငံတော်၏ စေတနာ၊ လုပ်ငန်းရှင်များ၏ ပံ့ပိုးကူညီမှုတို့ကို အလေးထားသောအားဖြင့် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးခြင်း၊ ရရှိလာသည့် ကြိုတင်ငွေများကို စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် လိုအပ်သည့် သွင်းအားစုများ ပြည့်စုံစွာ သုံးစွဲခြင်းနှင့် ရိတ်သိမ်းပြီးချိန်တွင် လုပ်ငန်းရှင်များသို့ အကျေအလည် ပေးဆပ်ခြင်းတို့ဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးစနစ်များ ပြောင်းလဲဆောင်ရွက်ရေး၊ ပြည်တွင်းမှာပင်ထုတ်လုပ်နိုင်ပြီဖြစ်သည့် ပုလဲသွယ်အထွက်တိုးစပ်မျိုးစပါးကို ပြောင်းလဲစိုက်ပျိုးရေးနှင့် ပြည်ပဈေးကွက်ပိုမိုတင်ပို့နိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံတော်၏ ဆန်နှင့်အခြားသီးနှံများ ပြည်ပသို့တင်ပို့နေမှု၊ ဈေးကွက်ရှာဖွေနေမှုနှင့်ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိရေးအတွက် အရည်အသွေးကောင်းသည့် မျိုးကောင်းမျိုးသန့်များပြောင်းလဲစိုက်ပျိုးရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဧရာဟသ်ာဆန်စပါး အထူးပြုကုမ္ပဏီမှ ဒါရိုက်တာဦးရဲမင်းအောင်နှင့် ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးထင်အောင်ဝင်းတို့က တောင်သူများအားကြိုတင်ငွေ ထုတ်ပေးခြင်းနှင့် နေပြည်တော်တွင် ခေတ်မီတန် ၂၄၀ကျ ဆန်စက်အား ယခုနှစ်အတွင်းအပြီးတည်ဆောက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာက တောင်သူ ၁၄၅ ဦးတို့၏ ပုလဲသွယ်စပ်မျိုးစပါးဧက ၂၀၀ အတွက် စပါးတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်း သတ်မှတ်၍ ကြိုတင်ငွေ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၄၀၀ အား တောင်သူတစ်ဦးချင်းထံ ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် အောင်ချမ်းသာကျေးရွာ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၀၀ စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်တို့ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ ခေတ်မီအဆင့်မြင့် လယ်ယာမြေရှိ ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၀၀ စိုက်ပျိုးကြသည့် တောင်သူများအတွက် တင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေကျပ် နှစ်သိန်းစီပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

IT ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၈

DELL နှင့် INTEL တို့၏ ပံ့ပိုးကူညီမှုဖြင့် CTT Co.,Ltd.က ကြီးမှူး၍ My First Virtualization Seminar ကို မတ် ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Computer Technical Team Co.,Ltd.(CTT)မှ မန်နေဂျင်းဒါရိုက်တာဦးခွန်ဦး**(အောက်ပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး DELL (Thailand)မှ Ms.Khun Lertluk Kunlasutti က Wining in Virtual Era ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Ms.Khun Nopparat Sangseng က Dell Virtualization and Enterprize update ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

နောက်ဆုံးပေါ် IT နည်းပညာများနှင့် IT Product များကို မြန်မာနိုင်ငံရှိ IT ပညာရှင်များသိရှိစေရန်အတွက် CTT Co., Ltd.က ကြီးမှူး၍ ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ ကျင်းပလျက်ရှိပြီး တစ်နှစ်လျှင် နှစ်ကြိမ်မှ လေးကြိမ်အထိ ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ (ကိုအောင်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈ - ၃ - ၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၀၀၀	၀. ၀၃၂၅၇
တရုတ် (ယွမ်)	၆. ၃၂၂၆၀	၀. ၁၅၈၀၆
အိန္ဒိယ (ရူပီး)	၅၀. ၁၉၁၂	၀. ၀၁၉၉၂
မလေးရှား (ရင်းဂစ်)	၃. ၀၅၇၀၀	၀. ၃၂၇၁၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၇၆၀	၀. ၇၉၅၁၇
ဂျပန် (ယန်း)	၈၃. ၄၅၀၀	၀. ၁၁၉၈
တောင်ကိုရီးယား(ဝမ်)	၁၁၂၅. ၅၉	၀. ၀၀၀၈၉
ယူရို	၀. ၇၅၉၀၅	၁. ၃၁၇၄၄
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၂၁	၁. ၅၈၄၂၅

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၃-၂၀၁၂ (တနင်္လာနေ့)

၇း၀၅	တရားတော်	၈း၀၀	မြဝတီရုပ်မြင်သံကြား
၇း၃၀	မြန်မာ့ရှုခင်း		သတင်း
၈း၁၅	ဇာတ်လမ်းတို		နိုင်ငံရေးပါတီများ
၄း၁၅	စိုက်ပျိုးသုတ		ဟောပြောချက်
၄း၂၅	ရင်မှာစွဲလမ်း တော်ဝင်ပန်း		-အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်
၄း၅၅	ရန်သူမီး		ခေတ်သစ်ပြည်သူ့ပါတီ
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး		(၆၇)နှစ်မြောက် တပ်မတော်နေ့
၅း၃၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ဟာသလွင်ပြင်" (အပိုင်း-၈၉)**		ဂုဏ်ပြုအစီအစဉ် -Talk of The Town -ယနေ့ညအတွက် မြဝတီ၏
၆း၂၀	သံစဉ်လမ်းက လင်းလက်ကြယ်		တေးလက်ဆောင် **-(၆၇)နှစ်မြောက် တပ်မတော်နေ့**
၇း၀၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သူရဲကောင်းလေး ကျွန်မချစ်သူ (အပိုင်း-၃)**		**ဂုဏ်ပြုဇာတ်လမ်း "သားကောင်းမိခင်" (ပထမပိုင်း)** -Mini Series

စာအုပ်စာပေ လှူမိတ်ဆွေ

❍ ရှေ့ဖုံးမှ

ဆန်စပါးကို အဓိကစိုက်ပျိုးကြသည့် စစ်ကိုင်း၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ အနေဖြင့် နောင်တွင် ကိုယ်တိုင်စိုက်ပျိုးသည့် ဆန်စပါးများကို ကိုယ်တိုင် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ဒေသအလိုက် နောက်ကျမကျန်အောင် ကြိုးစားကြရန်ဖြစ်ကြောင်း။

တောင်သူလယ်သမားများအနေဖြင့်လည်း ခေတ်မီစိုက်နည်းစနစ်ကို ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် မိမိတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပံ့ပိုးကူညီမှုများကို မိမိတို့ တစ်ဦးချင်းစီ၏ လုံ့လ၊ ဝီရိယ၊ အောင်မြင်လိုသည့် စိတ်ဆန္ဒဖြင့်ပေါင်းစပ်၍ စပါးအထွက်တိုးအောင်၊ ဝင်ငွေတိုးအောင် ဆောင်ရွက်ရန်နှင့် မကြာမီတိုးတက်လာမည့် လူဦးရေသန်း ၁၀၀ အတွက် ရိက္ခာဖူလုံစေရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရန် မြော်တွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ အဆင့်မြင့်လယ်ယာမြေ ပုလဲသွယ်စပ်မျိုးစပါး ၂၈၈ ဧက စိုက်ခင်းသို့ ရောက်ရှိပြီး တောင်သူများသို့ ပညာပေးဖြန့်ဖြူး ရောင်းချပေးမည့် မြေဆီဓာတ်ခွဲသေတ္တာများနှင့် ဓာတ်မြေသြဇာများကို ကြည့်ရှုအားပေးပြီး ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ပညာပေးရေးနှင့် ဖြန့်ဖြူးပေးနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အောင်ချမ်းသာကျေးရွာမှ ဒေသခံတောင်သူများနှင့် နေပြည်တော်ရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေများသို့ လာရောက်လေ့လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေ စိုက်ခင်း၌ ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးအောင်မြင်နေမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေဧက ၃၆၉ ဧက တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး ကားမောင်းခရီးစဉ် ရန်ကုန်လမ်းပိုင်း တာလွှတ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၈

မြန်မာ-အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ရည်ရွယ်ချက်များဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးမှုနှင့် Bright View ခရီးသွားလုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ Northeast Federation of International Trade(Nefit) တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ-အိန္ဒိယချစ်ကြည်ရေး ကားမောင်းခရီးစဉ် ရန်ကုန်လမ်းပိုင်းတာလွှတ်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Dr. Villur Sundararajan Seshadri နှင့်သံရုံးမှ တာဝန်ရှိသူများ၊ ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်နိုင်ငံချစ်ကြည်ရေးကားမောင်းပြိုင်ပွဲ အဖွဲ့ခေါင်းဆောင် မစ္စတာ ကေကေ ချပ်တရီက တိုင်းဒေသကြီးဝန်ကြီးချုပ်အား အမှတ်တရလက်ဆောင်ပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဧည့်သည်တော်များနှင့် ချစ်ကြည်ရေးအဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးကားမောင်းခရီးစဉ် (Friendship Car Rally 2012) တာလွှတ်ခြင်း (Flag of) ကို ပြုလုပ်ပေးသည်။ အဆိုပါခရီးစဉ်ယာဉ်တန်းသည် မတ် ၁၃ ရက်တွင် အိန္ဒိယနိုင်ငံ Guwahati မြို့မှ စတင်ထွက်ခွာပြီး မြန်မာနိုင်ငံ တမူး၊ ကလေး၊ မုံရွာ၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ ပြည်၊ ပုဂံ၊ မုံရွာ၊ ကလေး၊ တမူးမြို့များကို ဖြတ်သန်းကာ မတ် ၂၂ ရက်တွင် အိန္ဒိယနိုင်ငံ Guwahati မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်းနှင့် ယင်းခရီးစဉ်တွင် မြန်မာနိုင်ငံမှ ကားတစ်စီး၊ အိန္ဒိယနိုင်ငံမှ ကား ၁၆ စီး စုစုပေါင်း ၁၇ စီး ပါဝင်ကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ Five Grate Service Co., Ltd. ၏ ကားအရောင်းပြခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးရာ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်၊ Five Grate Service Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးညိုမင်း၊ ဒါရိုက်တာ ဦးရဲမြင့်မောင်နှင့် ဂျပန်နိုင်ငံ POLLUX Co., Ltd. ဥက္ကဋ္ဌ Mr. HITOSHI MIYADEYA တို့က ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**(သတင်းစဉ်)

အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၁၈

အဝေးပြေးကုန်စည် ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ ပထမအကြိမ် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမရှိ Lion City ဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်တို့က အမှာစကားပြောကြားကြပြီး အသင်းဥက္ကဋ္ဌ ဦးလှဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အသင်း၏ လုပ်ငန်းစဉ်များ ဆွေးနွေးတင်ပြခြင်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်း အတည်ပြုခြင်း၊ ဘဏ္ဍာရေးရှင်းတမ်း ဖတ်ကြားတင်ပြအတည်ပြုခြင်း၊ ဂုဏ်ထူးဆောင် နာယကများ၊ နာယကများ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် အရန်အလုပ်အမှုဆောင်အဖွဲ့စာရင်း အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးတင်ထွဋ်က အသင်းသား အသင်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့အတွက် ငွေကျပ် ၃၆ သိန်းနှင့် ဦးတင်ယု-ဒေါ်သန်းသန်းမြင့် (အရုဏ်ဦး ကုန်စည်ပို့ဆောင်ရေး)က မတည်အလှူငွေ ကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ ပထမအကြိမ် အသင်းသားစုံညီအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အင်းတော်မြို့ သောက်သုံးရေသန့်ရရှိရေး မိုးမကျမီ အပြီးဆောင်ရွက်သွားမည်

အင်းတော် မတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ ရေကောင်းရေသန့် ဖူလုံစွာရရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေကို စရိတ်သက်သာစွာဖြင့် ၂၄ နာရီ သုံးစွဲသွားနိုင်ရေး၊ မြို့မီးဘေးအန္တရာယ်ကျရောက်ပါက ရေကို လျှင်မြန်စွာသုံးစွဲနိုင်ရေး ရည်ရွယ်၍ မြို့သောက်သုံးရေရရှိရေးအဖွဲ့က ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများကို မိုးမကျမီ ၂၀၁၂ ဧပြီလကုန် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့ သောက်သုံးရေကို အင်းတော်မြို့မှ ၂ ဒသမ ၅ မိုင်ခန့်ကွာဝေးသည့် နားနောင်ရွာအရှေ့ သုံးဖာလုံခန့်ရှိ စိမ့်ကန်မှ လေးလက်မ ပလတ်စတစ်ပိုက်လိုင်းဖြင့် သွယ်တန်းယူ၍ လက်ရှိဖြန့်ဖြူးပေးနေသော မြို့စည်ပင်ပိုက်လိုင်းကို ဆက်စပ်ပေးသွားမည်ဖြစ်ရာ လုပ်ငန်းခန့်မှန်း ကုန်ကျစရိတ်ငွေမှာ ကျပ် ၁၀၇ သိန်းကျော် ကုန်ကျမည်ဖြစ်သည်။

ဧပြီလကုန် ရေစတင်ပေးမည်

အဆိုပါလုပ်ငန်း လျှင်မြန်စွာ ပြီးစီးအောင်မြင်ရေးအတွက် အဖွဲ့ငယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါ သောက်သုံးရေရယူမည့် ရေအရင်းအမြစ် ရှာဖွေသတ်မှတ်ခြင်း၊ ပိုက်လိုင်းလမ်းအူကြောင်း သတ်မှတ်တိုင်းတာခြင်း၊ အနက် နှစ်ပေ၊ အနံ တစ်ပေရှိ မြောင်းတူးခြင်း၊ ရေထွက်ပင်ရင်းဖြစ်သည့် စိမ့်တွင်းအား ရေထွက်အားကောင်းရန် အကျယ်ပေ ၁၀၀၊ အနံပေ ၂၀၊ အနက် ရှစ်ပေရှိ ရေကန်တူးဖော်ခြင်း၊ လိုအပ်သောပိုက်ပစ္စည်းများ ဝယ်ယူခြင်းကို ဆောင်ရွက်နိုင်ခဲ့ပြီး ပိုက်လိုင်းသွယ်တန်းတပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိရာ မိုးမကျမီ ဧပြီလကုန်တွင် ရေစတင်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ (၂၃၃)

ဂြိုဟ်တုလွှတ်တင်မှု လေ့လာလိုသူများကို မြောက်ကိုရီးယားက ဖိတ်ကြားမည်ဟုဆို

ပြုံယမ်း မတ် ၁၈

ငင်း၏ဂြိုဟ်တုလွှတ်တင်မှုကို လေ့လာရန်အတွက် နိုင်ငံခြားကျွမ်းကျင်ပညာရှင်များနှင့် သတင်းစာဆရာများကို ဖိတ်ကြားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက မတ် ၁၇ ရက်တွင် ပြောကြားလိုက်သည်။



မြောက်ကိုရီးယား၏ လွှတ်တင်ရန် အဆင်သင့်ဖြစ်နေသော ဒုံးပျံကို တွေ့ရစဉ်။

လာမည့်လအတွင်းလုပ်ဆောင်မည့် ဂြိုဟ်တုလွှတ်တင်မှုကို လေ့လာကြည့်ရှုနိုင်ရေးအတွက် အာကာသသိပ္ပံနှင့် နည်းပညာကျွမ်းကျင်သူ နိုင်ငံခြားသားပညာရှင်များနှင့် သတင်းစာဆရာများကို ကိုရီးယားအာကာသ နည်းပညာကော်မတီက ဖိတ်ကြားမည်ဟု အစိုးရသတင်းဌာနက ကြေညာခဲ့သည်။

မွေးနေ့အထိမ်းအမှတ်

နိုင်ငံကို စတင်တည်ထောင်ခဲ့သည့် ခေါင်းဆောင်ကြီး ကင်အီဆွန်း၏ နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဧပြီ ၁၂ ရက်နှင့် ၁၆ ရက်အတွင်း ဂြိုဟ်တုသယ်ဆောင်သော တာဝေးပစ်ဒုံးပျံကို ပစ်လွှတ်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားက မတ် ၁၆ ရက်တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၏ စားနပ်ရိက္ခာ အကူအညီပေးမှုကို တုံ့ပြန်သောအားဖြင့် တာဝေးပစ်ဒုံးကျည်စမ်းသပ်မှုကို ရပ်ဆိုင်းထားရန် ပြုံယမ်းက သဘောတူညီပြီးနောက် ၁၆ ရက်အကြာတွင် ကြေညာခဲ့သည့် ဂြိုဟ်တုလွှတ်တင်ရေးအစီအစဉ်သည် ကုလသမဂ္ဂက တားမြစ်ပိတ်ပင်ထားခြင်းကို ချိုးဖောက်ခြင်းဖြစ်လိမ့်မည်ဟု အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ပြောကြားသည်။

ငြိမ်းချမ်းရေးအတွက်

သို့ရာတွင် ဂြိုဟ်တုလွှတ်တင်ရေး အစီအစဉ်သည် အာကာသအားငြိမ်းချမ်းရေးအတွက် သုတေသနပြုမည့် အခန်းကဏ္ဍ၏ အစီအစဉ်တစ်ရပ်သာဖြစ်ကြောင်း မြောက်ကိုရီးယားက အလေးအနက် ပြောကြားသည်။

လိမ်လည်လှည့်ဖြား၍ ဒုံးကျည်စမ်းသပ်ခြင်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများက ပြောကြားသည်။

အင်တာနက်။

အီရတ် စစ်ပွဲ အတွင်း အဝေးပြေး လမ်းမ တစ်နေရာမှ မြင်ကွင်းကို တွေ့ရစဉ်။

အီရတ်က အီဂျစ်အလုပ်သမားများကို နစ်နာကြေး ဒေါ်လာ ၄၀၈ သန်း ပေးအပ်မည်

ဘဂ္ဂဒက် မတ် ၁၈

၁၉၉၀-၁၉၉၁ ခုနှစ်များအတွင်း ကူဝိတ်နိုင်ငံအပေါ် ဆက်ဒမ်ဟူစိန်က ကျူးကျော်ဝင်ရောက်စဉ် အီရတ်နိုင်ငံမှ ထွက်ပြေးခဲ့ကြသော အီဂျစ်နိုင်ငံသား အလုပ်သမား ထောင်ပေါင်းများစွာကို နစ်နာကြေး အမေရိကန်ဒေါ်လာ ၄၀၈ သန်း ပေးအပ်ရန် သဘောတူညီကြောင်း အီရတ်အစိုးရက မတ် ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ယခု သီတင်းပတ်အတွင်း အီဂျစ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေစဉ် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟိုရှိယာဇီဘာရီက အဆိုပါနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနားလည်မှုစာချွန်လွှာအရ 'အဝါရောင်ငွေလွှဲပို့ခြင်းဟု လူသိများသော ကိစ္စရပ်များကို ဖြေရှင်းရန်အတွက် အီရတ်အစိုးရက ယင်းသို့ပေးအပ်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

ကူဝိတ်နိုင်ငံကို ဆက်ဒမ်ဟူစိန်က ကျူးကျော်ခဲ့ခြင်းကြောင့် ၁၉၉၁ ပင်လယ်ကွေ့စစ်ပွဲဖြစ်ခဲ့သည်။ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက ကူဝိတ်နိုင်ငံမှ အီရတ်တပ်ဖွဲ့များကို မောင်းထုတ်နိုင်ခဲ့သော်လည်း ဆက်ဒမ်သည် နောက်ထပ် ၁၂ နှစ် အာဏာမြဲခဲ့သည်။

၂၀၀၃ ခုနှစ်အတွင်း ဒုတိယအကြိမ်ကျူးကျော်စဉ် အမေရိကန်တပ်ဖွဲ့များက ဆက်ဒမ်ကိုဖယ်ရှားနိုင်ခဲ့ပြီး အီရတ်နိုင်ငံအတွင်း၌ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအထိ တပ်ဖြန့်ထားခဲ့သည်။

မတ် ၂၇၊ ၂၉ ရက်များ၌ကျင်းပမည့် အာရပ်ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံမတိုင်မီ ပင်လယ်ကွေ့စစ်ပွဲအတွင်း အာရပ်နိုင်ငံများနှင့် အငြင်းပွားမှုကို ဖြေရှင်းရန် အီရတ်နိုင်ငံက ကြိုးစားလျက်ရှိသည်။

ကူဝိတ်နိုင်ငံကို ကျူးကျော်စဉ်အတွင်း ယင်းနိုင်ငံမှ လေယာဉ်များနှင့် အပိုပစ္စည်းများကို ဆက်ဒမ်၏တပ်ဖွဲ့က သိမ်းယူလာခဲ့ခြင်းကြောင့် ပေါ်ပေါက်လာသော အငြင်းပွားမှုကို ဖြေရှင်းနိုင်ရေးအတွက် ဒေါ်လာသန်း ၅၀၀ ပေးအပ်ရန် ယခုအပတ် စောစောပိုင်းက ကူဝိတ်နိုင်ငံနှင့် သဘောတူညီမှုရရှိခဲ့သည်။

အင်တာနက်။

ပီရူးရဲတပ်ဖွဲ့နှင့် တရားမဝင် ရွှေတူးသမားများအကြား ပဋိပက္ခအတွင်း သုံးဦးသေဆုံး

လီယာ မတ် ၁၈

အမေဇုန်မြစ်ဝှမ်းဒေသရှိ ဒေသန္တရမြို့တော်တစ်မြို့ကို ထိန်းချုပ်နိုင်ရေးအတွက် ကြိုးပမ်းရင်း တရားမဝင် ရွှေတူးသမားထောင်ပေါင်းများစွာနှင့် ပီရူးရဲတပ်ဖွဲ့ဝင်များအကြား မတ် ၁၅ရက်က ပြင်းထန်သော ပဋိပက္ခကြောင့် သိရသည်။

ပွာတိုမယ်လ်နာဒိုအမည်ရှိ မြို့အတွင်းမှ အချက်အချာကျသောနေရာများအား သိမ်းပိုက်ရန် ကြိုးစားနေသည့် တရားမဝင် ရွှေတူးသမားများကို ပီရူးအဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများသုံးကာ လူအုပ်ခွဲခဲ့ရသည်။

ရွှေတူးဖော်ရေးလုပ်ငန်းငယ်လေးများကို စည်းမျဉ်းများကန့်သတ်ရန် ပီရူးအစိုးရ၏ ကြိုးပမ်းမှုများအား ရွှေတူးသမားများက အပြင်းအထန် ကန့်ကွက်လျက်ရှိသည်။

ပီရူးအစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ရွှေတူးသမားများအကြား စေ့စပ်ဆွေးနွေးမှုပျက်ပြားခဲ့ရပြီးနောက် တရားမဝင် ရွှေတူးသမား အနည်းဆုံး ၁၂၅၀၀ခန့်သည် ပွာတိုမယ်လ်နာဒိုမြို့အတွင်းရှိ အများပြည်သူဆိုင်ရာအဆောက်အအုံများ၊ ဈေးများနှင့် လေဆိပ်တို့ကို သိမ်းပိုက်ရန် ကြိုးပမ်းခဲ့ကြကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ပီရူးရဲတပ်ဖွဲ့ဝင်များနှင့် တရားမဝင် ရွှေတူးသမားများအကြား ဖြစ်ပွားခဲ့သည့် ပဋိပက္ခအတွင်း အနည်းဆုံး လူသုံးဦးသေဆုံးခဲ့ရပြီး သုံးဦးလုံးတွင် သေနတ်ဒဏ်ရာများတွေ့ရကြောင်း ဒေသန္တရကျန်းမာရေးဌာန ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

ယင်းပဋိပက္ခအတွင်း ဒဏ်ရာရရှိသူ အရေအတွက်မှာ ရဲတပ်ဖွဲ့အရာရှိတစ်ဦးအပါအဝင် ၃၈ ဦးရှိခဲ့ပြီး ၎င်းတို့အား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

တရားမဝင်ရွှေတူးလုပ်ငန်းငယ်များမှ ထွက်ပေါ်လာသော ပြဒါးဓာတ်တန်ပေါင်းများစွာတို့ကြောင့် အမေဇုန်မိုးသစ်တော၏ ဂေဟစနစ်မှာ ယိုယွင်းလျက်ရှိရာ ယင်းလုပ်ငန်းငယ်လေးများအား စည်းမျဉ်းများချမှတ်ထိန်းချုပ်ရန် ပီရူးအစိုးရက ကြိုးပမ်းလျက်ရှိသည်။

အင်တာနက်။

အယ်လ်ဆာ ဗေးဒိုးနိုင်ငံ အတွင်း ပြည်တွင်း စစ်ပွဲကာလ အတွင်း၌ လက်နက်ကိုင် တပ်ဖွဲ့များကို တွေ့ရစဉ်။

အယ်လ်ဆာဗေးဒိုးလက်ဝဲဝါဒီ သူပုန်ဟောင်းများကို အစိုးရက ထောက်ပံ့ကြေးပေးမည်ဟုဆို

ဆန်ဆာလ်ဗေးဒိုး(အယ်လ်ဆာဗေးဒိုး) မတ် ၁၈

အယ်လ်ဆာဗေးဒိုးနိုင်ငံ၏ ၁၉၈၀-၁၉၉၂ ခုနှစ် ပြည်တွင်းစစ်ကာလအတွင်း တိုက်ခိုက်ခဲ့ကြသော လက်ဝဲသူပုန်ဟောင်း သက်ကြီးပုဂ္ဂိုလ်ထောင်ပေါင်းများစွာကို အစိုးရက တစ်လလျှင် ဒေါ်လာ ၅၀ ထောက်ပံ့ကြေးပေးမည်ဖြစ်ကြောင်း အေပီသတင်းဌာနက မတ် ၁၇ ရက်တွင် ဖော်ပြသည်။

အသက် ၇၀ ကျော် သူပုန်ဟောင်း ၂၆၀၀ ကျော်သည် ထောက်ပံ့ကြေးငွေခံစားခွင့်ရရှိကြမည်ဟု အယ်လ်ဆာဗေးဒိုး သမ္မတမော်ရီစီယိုဖူးနက်စ်၏ ရုံးကပြောကြားသည်။

စစ်တမ်းကောက်ယူရာတွင် ဖာရာဗန်ဒိုမာတီအမျိုးသားတပ်ဦး၏ တိုက်ခိုက်ရေးသမား ၂၅၄၀၁ ဦးသည် ယနေ့ထက်တိုင် အသက်ရှင်ဆဲဖြစ်ကြောင်း သိရှိခဲ့သည်။ ယင်းတို့အနက် ၉၀ ရာခိုင်နှုန်းသည် ဆင်းရဲတွင်းနက်စွာ နေထိုင်ရလျက်ရှိသည်ဟု ဆိုသည်။

သမ္မတ၏အကြံပေးပုဂ္ဂိုလ် အဲလက်စ်ဆီရိုဗီယာက ကြေညာချက် တစ်စောင်ကို မတ် ၁၆ ရက်က ထုတ်ပြန်ရာတွင် ထောက်ပံ့ကြေးငွေသည် သူပုန်တပ်သားဟောင်းများအတွက် လောက်ငမှုမရှိနိုင်ကြောင်း ဖော်ပြထားသည်။

၁၉၉၂ ခုနှစ်တွင် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့၍ ပြည်တွင်းစစ်ပွဲပြီးဆုံးပြီးနောက် အယ်လ်ဆာဗေးဒိုးလက်ဝဲသူပုန်အဖွဲ့သည် နိုင်ငံရေးပါတီအဖြစ် အသွင်ကူးပြောင်းလဲခဲ့သည်။

အင်တာနက်။

အမေရိကန်ကျောင်းဆရာ ယီမင်တွင် လုပ်ကြံခံရ

ဆာနာ(ယီမင်) မတ် ၁၈

ယီမင်နိုင်ငံ တာအစ်ပြည်နယ်တွင် အမေရိကန် ကျောင်းဆရာတစ်ဦးကို သေနတ်သမားများက တနင်္ဂနွေနေ့တွင်ပစ်သတ်လိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူနှစ်ဦးက ပြောကြားသည်။

အာရေဗျကျွန်းဆွယ် အယ်လ်ခိုင်ဒါအဖွဲ့က အဆိုပါ သတ်ဖြတ်မှုသည် ၎င်းတို့တွင် တာဝန်ရှိကြောင်း ကြေညာခဲ့သည်။

ပြည်နယ်လုံခြုံရေးအကြီးအကဲ မိုဟာမက်ဆိုင်ဒီက ဂျိုးရှမ်ဟုခေါ်သည့် ကျောင်းဆရာကို သတ်သူတို့သည် မည်သူဖြစ်ကြောင်း ပြောကြားခြင်းမပြုပေ။

ရှမ်သည် ၂၀၁၀ခုနှစ်ကတည်းက တာအစ်၌ ဆွီဒင်နိုင်ငံသားတစ်ဦး ဦးစီးသော ဘာသာစကားသင်တန်း ဗဟိုဌာန၌ အလုပ်လုပ်လျက်ရှိကြောင်း ဆိုင်ဒီက ပြောသည်။

စုံစမ်းစစ်ဆေး

မြို့တော် ဆာနာရှိ အမေရိကန်သံရုံးက ၎င်းတို့အနေဖြင့် အမေရိကန်နိုင်ငံသားတစ်ဦး သေဆုံးနေသည့်သတင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပြောကြားသော်လည်း အတည်ပြုပြောဆိုခြင်းမရှိပေ။

အမေရိကန်ကျောင်းဆရာသည် ဘာသာစကားသင်တန်းကျောင်းသို့ သွားရာလမ်းခရီးတွင် မော်တော်ဆိုင်ကယ်စီး သေနတ်သမားနှစ်ဦးက သေနတ်ဖြင့် ရှစ်ချက်ပစ်သတ်သွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အင်တာနက်။

ကမ္ဘောဒီးယားနိုင်ငံ၏ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး အဓိကအလှူရှင်မှာ တရုတ်နိုင်ငံဖြစ်လာ

ဖနောင်ပင် မတ် ၁၈

ကမ္ဘောဒီးယားနိုင်ငံ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် အကြီးဆုံးအလှူရှင်မှာ တရုတ်နိုင်ငံဖြစ်သည်ဟု ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး ကက်ချာအွန်က မတ် ၁၇ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုအတွက် လှူဒါန်းရာတွင် တရုတ်နိုင်ငံမှာ နံပါတ်တစ်နေရာတွင်ရှိပြီး ဂျပန်နိုင်ငံမှာ ဒုတိယနေရာတွင်ရှိသည်ဟု ဒေသဆိုင်ရာ စီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားအပြီးတွင် ၎င်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အဆိုအရ ကမ္ဘောဒီးယားနိုင်ငံအတွင်း လမ်းများ၊ တံတားများနှင့် ဆည်မြောင်းစနစ်များ အဓိကတည်ဆောက်ရန် ၁၉၉၂ ခုနှစ်ကတည်းက တရုတ်နိုင်ငံမှ ထောက်ပံ့ငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံရှိပြီး ယင်းအထဲမှ အမေရိကန်ဒေါ်လာ ၁၂၅ သန်းမှာ ထောက်ပံ့ငွေဖြစ်ကာ အမေရိကန်ဒေါ်လာ ၁၅၂ သန်းမှာမူ အတိုးမဲ့ချေးငွေဖြစ်ပြီး ကျန်ငွေများမှာ လျှော့ပေါ့ခွင့်ပြုသော ချေးငွေများ ဖြစ်သည်။

(ဆင်ဟွာ)

☆ တပ်မတော်မှ

ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ဆက်လက်၍ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ)ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့က တပ်မတော်စစ်သမိုင်းပြတိုက်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ပြခန်းဆောင်ရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်းတွင် ပြသထားသော ရှေးခေတ်မြန်မာမင်းများအသုံးပြုခဲ့သည့် ပစ္စည်းများ၊ ရှေးမြန်မာမင်းများ ထွက်တော်မူပုံ ပြသထားရှိမှုများ၊ မွန်သူရဲကောင်း သမိန်ဗရမ်းရုပ်တုနှင့် ကျန်စစ်သားမင်း၏ရုပ်တု၊ ရှေးခေတ် မြန်မာ့တပ်မတော်သုံးပစ္စည်းများ၊ ဝက်ထီးကန်တိုက်ပွဲ၊ ပန်းဝါတိုက်ပွဲ သရုပ်ပြပန်းချီကားများ၊ ရဲဘော်သုံးကျိပ် သွေးသောက်သစ္စာပြုစဉ် အသုံးပြုခဲ့သော စားပွဲနှင့်ကုလားထိုင်များ၊ နယ်ချဲ့တော်လှန်ရေးကာလတွင် မျိုးချစ်ခေါင်းဆောင်များ အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ရွှေရတုတပ်မတော်နေ့ အထိမ်းအမှတ်စဥ့်အိုး၊ ပြည်ပမှ ပေးအပ်ခဲ့သော အမှတ်တရလက်ဆောင်ပစ္စည်းများ၊ တပ်မတော်၏ နိုင်ငံတကာ ဆက်ဆံရေးပြကွက်များ အစရှိသည့် မြန်မာ့တပ်မတော်စတင်ပေါ်ပေါက်လာချိန်မှ မျက်မှောက်ကာလ တပ်မတော်အထိ အကြောင်းအရာများ ပြသထားမှုများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တပ်မတော်(ရေ)ပြခန်းဆောင်အတွင်းတွင် ရှေးခေတ်မြန်မာ့ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်မတော်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ၊ စစ်ရေယာဉ်-မေယု လွှဲပြောင်း လက်ခံစဉ်မှတ်တမ်းဓာတ်ပုံများ၊ ဖရီးဂိတ်စစ်ရေယာဉ်-အောင်ဇေယျ၊ ခေတ်အဆက်ဆက် တပ်မတော်(ရေ) အလံများ၊ ဝက်ကော်တိုက်ပွဲသမိုင်း မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(ရေ)မှ ဆောင်ရွက်ခဲ့သော စစ်ဆင်ရေးများ၊ စစ်ရေယာဉ်များ နိုင်ငံခြားမှလွှဲပြောင်းလက်ခံယူဆောင်လာစဉ် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(ရေ)၏ စစ်ရေယာဉ်များ အစရှိသည့် တပ်မတော်(ရေ)၏ ခေတ်အဆက်ဆက်မှတ်တမ်းများ ပြသထားမှုများကို လှည့်လည်ကြည့်ရှုကြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်(လေ) ပြခန်းဆောင်အတွင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော လေတပ်ဦးစီးချုပ်များ၏မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ လေသူရဲမွေးထုတ်ပုံအဆင့်ဆင့် မှတ်တမ်းဓာတ်ပုံများ၊ မာနယ်ပလောတိုက်ပွဲမှတ်တမ်းပန်းချီကား၊ ဝမ်ပန်ဆန်းလေကြောင်းတိုက်ပွဲမှတ်တမ်း ပန်းချီကား၊ လေသူရဲအသုံးအဆောင်ပစ္စည်းများ၊ မြန်မာနိုင်ငံ၏ ပထမဆုံး Supersonic တိုက်လေယာဉ် လေသူရဲများ၏ မှတ်တမ်းဓာတ်ပုံများ၊ စီစီဝမ်-တာပန်တိုက်ပွဲမှတ်တမ်းဓာတ်ပုံ အစရှိသည့် တပ်မတော်(လေ)၏ ခေတ်အဆက်ဆက်မှတ်တမ်းများပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုကြရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြင်ပပြကွက်များတွင် ပြသထားသော ရှေးခေတ်ကြေးသွန်းအမြောက်များ၊ ဒုတိယ ကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်/သံချပ်ကာများကိုလည်းကောင်း၊ ရှေးမြန်မာ့တပ်မတော်သုံး ရိုးရာလှေကြီးများ၊ စစ်ရေယာဉ်-ရန်မျိုးအောင်၊ စစ်ရေယာဉ်-အနော်ရထာ၊ စစ်ရေယာဉ်-အောင်ဇေယျ ပုံစံငယ်တို့အားလည်းကောင်း၊ ခေတ်အဆက်ဆက် တပ်မတော်(လေ) အသုံးပြုခဲ့သော လေယာဉ်များနှင့် အသုံးပြုနေဆဲဖြစ်သော လေယာဉ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါတပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သည် နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင် (၂၄၀) အနီးတွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၆၀၃ ဒသမ ၆၈ ဧက ကျယ်ဝန်းသည်။

တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)တွင် တပ်မတော်(ကြည်း) ပြခန်းခြောက်ဆောင်၊ တပ်မတော် (ရေ) ပြခန်း သုံးဆောင်နှင့် တပ်မတော် (လေ) ပြခန်းသုံးဆောင်အပြင် တပ်မတော်(ကြည်း) ဧည့်ကြိုခန်းမဆောင်တစ်ဆောင်၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)ဧည့်ကြိုခန်းမဆောင် တစ်ဆောင်စီဖြင့် ပါဝင်ဆောက်လုပ်ထားသည်။ ထို့အပြင် ပြခန်းဆောင်များနှင့် ဆက်စပ်ပြီး တစ်ဆောင်နှင့်တစ်ဆောင် ဆက်သွယ်သွားလာနိုင်သော လျှောက်လမ်းများ၊ နားနေဆောင်များ ပါဝင်တည်ဆောက်ထားပြီး ၎င်းနားနေဆောင်များတွင် စားသောက်ဆိုင်များနှင့် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များကိုပါ ထည့်သွင်းဆောက်လုပ်ထားရှိသည်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ တပ်မတော်(ကြည်း)ပြခန်းတွင် ပါဝင်ဖွဲ့စည်းထားသော လက်ရုံးတပ်ဖွဲ့အသီးသီး၏ ပြခန်းများတွင် ခေတ်အဆက်ဆက် မြန်မာ့သမိုင်းကြောင်းတစ်လျှောက် တပ်မတော် (ကြည်း)နှင့်လက်ရုံးတပ်ဖွဲ့များ၏ သမိုင်းကြောင်းများနှင့် ဆောက်ရွက်မှုမှတ်တမ်းများကိုလည်းကောင်း၊ တပ်မတော်(ရေ) ပြခန်းတွင် ခေတ်အဆက်ဆက် မြန်မာ့တပ်မတော်(ရေ)၏ သမိုင်းမှတ်တမ်းများကိုလည်းကောင်း၊ တပ်မတော်(လေ)ပြခန်းတွင် ခေတ်အဆက်ဆက် မြန်မာ့တပ်မတော်(လေ)၏ သမိုင်းမှတ်တမ်းများကိုလည်းကောင်း အားတက်ဖွယ်ရာ ပြသထားရှိပြီး အဆိုပါ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)အား ကြည့်ရှုလေ့လာခြင်းဖြင့် မြန်မာ့တပ်မတော်စတင်ပေါ်ပေါက်လာချိန်မှ ယနေ့ခေတ်ကာလအထိ လွတ်လပ်ရေးအတွက် မြန်မာ့တပ်မတော်က ဦးဆောင်ပြီး တိုက်ပွဲဝင်ခဲ့ရပုံ၊ တပ်မတော်၏ သမိုင်းဝင်တိုက်ပွဲကြီးများနှင့် တပ်မတော်၏ဆောင်ရွက်မှုများကို လူငယ်များနှင့် အများပြည်သူများ လေ့လာပြီး ဗဟုသုတရရှိစေရန်နှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များရရှိစေရန် ရည်ရွယ်ချက်ဖြင့်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် မတ် ၁၈

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်ပေး၍ ဝယ်ယူကြသည်။

မွန်းလွဲပိုင်းတွင် ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် **(အပေါ်ယာပုံ)** သည် ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများ ဈေးပြိုင်ပေး၍ ဝယ်ယူနေမှုနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ကျောက်စိမ်းအတွဲများကို တန်ဖိုးငွေအများဆုံးဖြင့် ဝယ်ယူခဲ့သည့် Mr. Lin Zefan အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ညနေ ၃ နာရီတွင် ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

လှိုင်းဘွဲ့မြို့နယ် ဥဒေါင်းကျေးရွာအုပ်စု နန်းသာအုံးကျေးရွာ လမ်းဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၁၈

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် မတ် ၁၅ ရက်တွင် လှိုင်းဘွဲ့မြို့နယ် ရွာသာအေး မွေးမြူရေးဇုန်သို့သွားရောက်၍ မွေးမြူရေးလုပ်ငန်းရှင်များအား ဆိုလာပြားများ ထောက်ပံ့ပေးအပ်ပြီး မွေးမြူရေးဇုန်အတွင်း ဆိတ်/ကြက်များမွေးမြူထားမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ထီလုံကျေးရွာအနီး ရေဘုတ်ရေလှောင်တမံမှ ဆည်ရေသောက်စနစ်ဖြင့် စပ်မျိုးစပါး ၂၅ ဧကစိုက်ခင်း၌ ကျင်းပသည့် စပ်မျိုးစပါးမျိုးစေ့ထုတ်ဝတ်မှုန်ကူးပွဲသို့ တက်ရောက်သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မတ် ၁၇ ရက်တွင် လှိုင်းဘွဲ့မြို့နယ် ဥဒေါင်းကျေးရွာအုပ်စု နန်းသာအုံးကျေးရွာ လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၉-၃-၂၀၁၂ (တနင်္လာနေ့)

၅း၄၀ “ထမင်းစားရင်း ပါရမီဖြည့်မယ်” တရားတော် [ဆရာတော် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ)]

၁၀း၃၀ Activities In The City (IT Business Plan Contest)

၁၂း၄၅ Myanmar Cooking Master (ပွဲစဉ်-၅)

၂း၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ “ကျွန်တော်နှင့်လွဲသုံးဖော်”

၄း၅၀ MEDICAL TOUR IN KORFA (2012)

၆း၁၅ ရန်ကုန်မြင်ကွင်းကျယ် (Korea Food Kimchi Festival)

၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်တေးသံရင်ခုန်သံ” (အပိုင်း-၂၆)**

၇း၃၀ Forever Gems by ရွှေနန်းတော် Jewellery Centre ဖွင့်ပွဲ (Part-3)

၈း၃၀ ဗီဒီယိုပြခန်း

၈း၅၀ Sunday Talk (ဒေါက်တာသက်သက်ခိုင်၊ မျိုးမြတ်သူ)

၉း၂၀ The Shop Around The Corner (Part-46)

၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၁၀၃)**

၁၀း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း

၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်မေတ္တာဖြင့်လှစေသူ” (အပိုင်း-၁၈)**

၁၁း၂၅ အနုပညာမိုးကောင်းကင်

၁၁း၄၅ International Show Biz

၁၂း၀၅ ခံစားမှုရသစုံလင်. . . အမျိုးသားကန်တော်ကြီးဥယျာဉ်

၁၂း၂၅ Celebrity Profile(Jet Li)

၁း၄၀ နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (တတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)

၄း၁၀ ဆန်းသစ်အလှတိုး ရွှေချည်ထိုး

၄း၄၀ အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီ နိဗ္ဗာန်ရည်

တန်ပိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

အမျိုးသားလုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်များစာရင်း၌ နေမုန်တိုင်းဖြစ်စဉ်ကိုပါ ဗြိတိန်ထည့်သွင်း

လန်ဒန် မတ် ၁၈

ရေလွှမ်းမိုးမှု၊ တုပ်ကွေးကူးစက်ရောဂါ၊ အကြမ်းဖက်ဝါဒတို့နှင့်အတူ မီးတောင်ပေါက်ကွဲမှုနှင့် နေရောင်ခြည်မုန်တိုင်းများကိုလည်း အမျိုးသားလုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်များစာရင်း၌ ဗြိတိန်နိုင်ငံကထည့်သွင်းခဲ့ကြောင်း မတ် ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး ထိပါးလာနိုင်ဖွယ်အရှိဆုံး ပြဿနာများအဖြစ် ကူးစက်တတ်သည့်တုပ်ကွေး ရောဂါ၊ ကမ်းရိုးတန်းဒေသ ရေလွှမ်းမိုးမှုများနှင့် အကြမ်းဖက်ဝါဒတို့ကို သတ်မှတ်ထားသော်လည်း ဗြိတိန်အစိုးရ၏ ၂၀၁၂ ခုနှစ် အမျိုးသားလုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်များစာရင်းတွင် အိုက်စလန်ကျွန်းမီးတောင်ပေါက်ကွဲမှုများကိုလည်း အမျိုးသားလုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်အသစ်အဖြစ် ထည့်သွင်းခဲ့သည်။

သို့ရာတွင် ပြင်းထန်သော အာကာသဟင်းလင်းပြင်ရာသီဥတုအခြေအနေများသည် ဆက်သွယ်ရေးစနစ်များ၊ လျှပ်စီးပတ်လမ်းများနှင့် လျှပ်စစ်တာဝါတိုင်များအတွက်လည်း ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာကြောင်း ဗြိတိန်အစိုးရ အမျိုးသားလုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်များစာရင်းတွင် ဖော်ပြထားသည်။

ယေဘုယျအားဖြင့် နေရောင်ခြည်မုန်တိုင်းဟူ၍ ခေါ်ဆိုသော အာကာသရာသီဥတုဖြစ်စဉ်သည် နေမျက်နှာပြင်ပေါ်မှ သံလိုက်စွမ်းအင်များနှင့် လျှပ်စစ်ဓာတ်ဆောင်အမှုန်များ၏ ပေါက်ကွဲမှုဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ ***အင်တာနက်။***

ဆားဓာတ်ပါဝင်သော မြေတွင်ရှင်သန်နိုင်သည့် ဂျုံမျိုးစိတ် ကမ္ဘာ့စားနပ်ရိက္ခာ အခက်အခဲဖြေရှင်းရေးအတွက် ကူညီနိုင်

မဲလ်ဘုန်း မတ် ၁၈

ဆားဓာတ်ပါဝင်သော မြေဆီလွှာများ၌ ရှင်သန်ပေါက်ပွားနိုင်သည့် ဂျုံပင်မျိုးစိတ်သစ်ကို ဖန်တီးနိုင်ပြီဖြစ်ကြောင်း ရုက္ခဗေဒသိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ဆားဓာတ်ပါဝင်သော မြေများတွင် ရှင်သန်ပေါက်ပွားနိုင်သည့် ဂျုံပင်မျိုးစိတ်များအား ဖန်တီးနိုင်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် ရေချိုရှားပါးမှု ပြဿနာများ ကြုံနေရစဉ်ကာလ တဖြည်းဖြည်းတိုးပွားလာသော ကမ္ဘာ့လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေး ကြိုးပမ်းမှုများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဆားဓာတ်ပါဝင်မှုများပြားသော မြေများ၌ စမ်းသပ်မှုများအရ ဒါရမ်းဂျုံ (Durum Wheat) မျိုးစိတ်များသည် သာမန်ဂျုံမျိုးစိတ်များထက် ဆားမြေများ၌ ရှင်သန်နိုင်မှုနှုန်း ၂၅ ရာခိုင်နှုန်း ပိုများကြောင်းသိရသည်။

ဒါရမ်းဂျုံပင်များတွင် ပါဝင်သော Tm HKT 15-A အမည်ရှိ မျိုးဗီဇသည် အပင်၏အမြစ်မှ အရွက်များသို့ ပေးပို့သည့် ရေဓာတ်အတွင်း ပါဝင်သော ဆိုဒီယမ် (ဆားဓာတ်)များအား ဖယ်ရှားနိုင်စွမ်းရှိသည်။

ခန့်မှန်းချက်အချို့အရ ယနေ့ကာလ လူဦးရေ ခုနစ်ဘီလီယံမှ ကိုး ဘီလီယံ အထိရောက်ရှိလာနိုင်သော ၂၀၅၀ ခုနှစ်အရောက်၌ ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်သည် ၇၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်ကြောင်းသိရသည်။

ခြောက်သွေ့သောရာသီဥတုရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ မြေဆီလွှာများတွင် သဘာဝအားဖြင့် ဆားဓာတ်ပါဝင်ခြင်း သို့မဟုတ် သွင်းယူသောရေများ၌ ဆားဓာတ်ပါဝင်မှုနှုန်း မြင့်မားခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အခက်အခဲရှိသည်။

အင်တာနက်။

တာဝန်ယူမှုနှင့် ဆင်ခြင်တုံတရားတို့ဖြင့် လွတ်လပ်စွာ မီဒီယာခရီးသွားကြမည်

လှိုင်ဘွား(ပါရမီ)

ဘူတာခုံတန်းမှာ မိမိစီးရမည့်ရထားကို ထိုင်စောင့်ရင်း ဘူတာစကြံတွင် တပ်ဆင်ထားသည့် TV မှာ ပြသနေသော ကြော်ငြာဇာတ်လမ်းတိုလေးများကို ငေးနေမိရာမှ ရထားမထွက်မီ ထမင်းစားရန်ပင် မေ့လျော့ပြီး ရထားဆိုက်မှပင် ဝမ်းကိုစမ်းမိတော့သည်။ ကြော်ငြာတို့က သူတို့ကိုယ်စားပြု လူသိစေသော ပစ္စည်းတို့ကို ကောင်းကြောင်း၊ သင့်ကြောင်း ညွှန်းဆိုနေပေရာ အငြင်းပွားဖွယ်ရာများ ပါဝင်နေသည့်တိုင် ဆွဲဆောင်နိုင်အားကြီးမားသည်မို့ မျောပါသွားသည်ကတော့ အမှန်ပင်။ ထိုမှအစ မီဒီယာ၏ရှေ့ခရီးကို နိုင်သမျှ ဗဟုသုတနှင့် တွေးတောချိန်ဆမိသည်။ မီဒီယာသည် ယနေ့အခါတွင် တဖြည်းဖြည်း ဩဇာကြီးကာ ပို၍လည်း အရေးပါလာလျက်ရှိပြီး နည်းပညာတိုးတက်မှုနောက်တွင် မီဒီယာတို့၏ ပျံ့နှံ့မှုကလည်း လျင်မြန်လာခဲ့ရာ ကမ္ဘာ့အရှေ့ဖျားမှ အနောက်ဖျား၊ တောင်ဖျား၊ မြောက်ဖျား စသည်ဖြင့် ကမ္ဘာ့မည်သည့်ဒေသတွင်မဆို ဖြစ်ပျက်သမျှအကြောင်းအရာတို့သည် ကျန်အစိတ်အပိုင်းများဆီသို့ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း ပျံ့နှံ့ရောက်ရှိရာမှ ကမ္ဘာ့ဖြစ်စဉ်များအပေါ် မီဒီယာ၏ လွှမ်းမိုးမှုက ဩဇာကြီးလာခြင်းပေတည်း။ ပျံ့နှံ့ချိန်က လျင်မြန်လွန်းသကဲ့သို့ ပျံ့နှံ့မှုဧရိယာသည်လည်း လွန်စွာကြီးမား ကျယ်ပြန့်ပေသည်။

ထိုသို့ ပျံ့နှံ့ရောက်ရှိသွားသော မီဒီယာတိုင်းက လူတိုင်းကို ကောင်းကျိုးချမ်းသာပေးသည်တော့မဟုတ်။ သက်ဆိုင်ရာတိုင်း နိုင်ငံအသီးသီးမှ ပြည်သူများကို မှန်မှန်ကန်ကန် အကျိုးသက်ရောက်စေသည်များရှိသကဲ့သို့ မမှန်မကန် အကျိုးသက်ရောက်စေသည်များလည်း ရှိသည်။ ထိုမှန်ခြင်း မမှန်ခြင်းကား ဖန်တီးလိုက်သောလူပုဂ္ဂိုလ်တို့အပေါ်တွင် တည်မှီနေသည်။ ပျံ့နှံ့သွားသော မီဒီယာတို့အနက် အချို့မှာ အမှန်တရားတို့ ပါဝင်သကဲ့သို့ အချို့မှာမူ ဖန်တီးသူများ(သို့မဟုတ်)ကြားဝင်သယ်ပို့သူများက လိုရာပုံသွင်းထားသည့် အဆိပ်အတောက်လွှမ်းသည့် အကြောင်းအရာများလည်း ပါဝင်သွားကြသည်။ ထို့ကြောင့် မီဒီယာ၏ သက်ရောက်မှုအကျိုး၊ အပြစ်များမှာ မီဒီယာကို ကိုင်တွယ်ဖန်တီးသူများ၊ ပုဂ္ဂိုလ်များပေါ်တွင် တည်မှီနေပေသည်။

စတုတ္ထမဏ္ဍိုင်အဖြစ် အများက ယုံကြည်လက်ခံထားကြသည့် မီဒီယာသည် အရေးလည်းကြီး၊ ဩဇာတိက္ကမလည်းကြီးလှပေရာ ဘက်မလိုက်ဘဲ ဖြောင့်မတ်မှန်ကန်ရန်လည်းအရေးကြီးလှပေသည်။ မီဒီယာတစ်ခုသည် အမှန်တရားကို ဦးတည်ခြင်းမပြုဘဲ ဘက်လိုက်မှုပြုပြီဆိုသည်နှင့် မီဒီယာ၏ မူလသဘောသဘာဝမှ ရွေ့လျောလျက် ဘက်လိုက်သူ၏လိုလားချက်များ၊ ၎င်းကိုယ်တိုင်ပုံသွင်းထားသည့် အကြောင်းအရာများ လွှမ်းမိုးသွားကာ မီဒီယာ၏ ရည်မှန်းပရိသတ်ဖြစ်သူ ပြည်သူများအပေါ်တွင် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပေသည်။

ထို့ပြင် အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြရာတွင် ရှုထောင့်တစ်ခုတည်းမှ ဖော်ပြမှုမပြုဘဲ ဘက်စုံထောင့်စုံမှ ရေးသားဖော်ပြရန် လိုအပ်ပေသည်။ ပမာပြုရလျှင် ဆင်ကိုစမ်းမိကြသော မျက်မမြင် ပုဏ္ဏားခြောက်ယောက်ကဲ့သို့ပင်တည်း။ ဆင်၏ နှာမောင်း၊ နားရွက်၊ ဝမ်းဗိုက်၊ ခြေထောက်၊ အမြီးနှင့် အစွယ်တို့ကို အသီးသီး စမ်းသပ်လျက် မိမိထင်ရာတို့နှင့် တူသည်ဟုဆိုကြကုန်သော ပုဏ္ဏားတို့၏ အမြင်မျိုးတို့နှင့် အကြောင်းအရာတစ်ရပ်ကို ရှုထောင့်တစ်ခုတည်း၊ မိမိလိုရာတစ်ဖက်တည်းမှ ရေးသားဖော်ပြရန်မသင့်ဘဲ ဘက်စုံထောင့်စုံ အထက်အောက် ဘေးဘယ်ညာ အကုန်လုံးမှ ရှုမြင်သုံးသပ်ဖော်ထုတ်ပြီးမှသာ ရေးသားဖော်ပြသင့်ပေသည်။

ဒီမိုကရေစီကျင့်စဉ်အရ မီဒီယာတို့၏သဘောသဘာဝသည် လွတ်လပ်မှုရှိရမည်ဟု ဆိုကြပေသည်။ သို့သော် မီဒီယာက ထိုလွတ်လပ်မှုကိုကျင့်သုံးသည့်အခါ လွတ်လပ်မှုတစ်ခုတည်းဖြင့် စစ်မှန်သည့် မီဒီယာမဖြစ်နိုင်။ လွတ်လပ်မှုနှင့်အတူ တာဝန်ယူမှု၊ လွတ်လပ်မှုနှင့်ဆင်ခြင်တုံတရားတို့ကိုပါ ပေါင်းစပ်ကျင့်သုံးရပေမည်။ အချို့က မီဒီယာနှင့်ပတ်သက်၍ လွတ်လပ်မှုကိုသာ တောင်းဆိုတတ်ကြပြီး တာဝန်ယူမှုအပိုင်းကိုမူ ထုတ်ဖော်မပြောကြ၊ အလေးအနက်မထားကြ။ အလားတူပင် လွတ်လပ်မှုကိုသာ တောင်းဆိုကြပြီး လွတ်လပ်မှုနှင့်ယှဉ်တွဲနေရမည့် ဆင်ခြင်တုံတရားကိုမူ လေးလေးနက်နက် မဆင်ခြင် မတွေးဆချင်ကြ။ ဆင်ခြင်တုံတရားဟူသည် အမှန်တကယ် လိုက်နာကျင့်သုံးသင့်သည့် Ethics ဟု ခေါ်သော ကျင့်ဝတ်ပင် ဖြစ်သည်။ မည်သည့်ကိစ္စကိုဖြစ်စေ ဥပဒေနှင့်ပြဋ္ဌာန်းရာတွင် အကြောင်းအရာအားလုံး ပါဝင်အောင်၊ ထောင့်စေ့အောင် ပြဋ္ဌာန်းရန် ခက်ခဲနိုင်ပေသည်။ သို့ဖြစ်ရာ ထိုသို့ ဥပဒေနှင့် ပြဋ္ဌာန်း၍မရနိုင်သည့် အကြောင်းအရာများကို ဆင်ခြင်တုံတရားနှင့်သာ ထိန်းကျောင်းရပေမည်။

ထို့ကြောင့် မီဒီယာတို့အနေဖြင့် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ကျင့်သုံးလုပ်ဆောင်ရန် လိုအပ်သည်။ မီဒီယာ၏ အကယ်စင်စစ် Mission နှင့် Role သည်ကား ပြည်သူတစ်ရပ်လုံးကို အသိပေးခြင်းပင်ဖြစ်သည်။ ဤတွင် ပြည်သူဟူသောစကားရပ်၌ အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၊ NGO များနှင့် တိုင်းရင်းသားပြည်သူများ ပါဝင်ပေသည်။ ထိုသို့ ပြန်ကြားအသိပေးကြရသည့် မီဒီယာသမားများ၏ အမြင်သဘောထား Concept တို့ကား ဒီမိုကရေစီအရ ကွဲပြားခွင့်ဆိုသည်ကို လက်ခံသည်။ သို့သော် Unity ဆိုသည်ကိုလည်း မျှော်မှန်းသင့်သည်။ ပြည်သူများအတွင်း၌ လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွင်း၌ လည်းကောင်း၊ နိုင်ငံရေးသမားများအတွင်း၌လည်းကောင်း ဒီမိုကရေစီအယူအဆ အတွေးအခေါ်အရ ကွဲပြားမှုများ၊ အယူအဆကွဲပြားမှုများရှိနိုင်သကဲ့သို့ Unity ဟူသည့် Concept လည်းရှိရန် လိုအပ်ပေသည်။ ထိုနည်းတူ မီဒီယာသမားများသည် ပြည်သူတစ်ရပ်လုံး၊ နိုင်ငံရေးသမားများနှင့် နိုင်ငံရေးခေါင်းဆောင်များကိုပါ အသိပေးနေရသည့်၊ ပြန်ကြားပေးနေရသည့် အဖွဲ့အစည်းဖြစ်ရာ ထိုပုဂ္ဂိုလ်များ၏ Concept မှာပင်လျှင် Unity in Democracy ရှိရပေမည်။ ရှိလည်း ရှိသင့်ပေသည်။ ထိုသို့ Unity in Democracy ဟူသော Concept ရှိရန်အတွက် မီဒီယာသမားများတွင် အမျိုးသားရေးဟူသော Common Ground ရှိရန်လိုသည်။ အမျိုးသားရေးသည် မီဒီယာသမားများ၏ Common Ground ဖြစ်သင့်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မီဒီယာလွတ်လပ်ခွင့်ကို ဖော်ဆောင်ပေးရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးကတည်းကပင် ခြေလှမ်းစတင်ခဲ့သည်ကို တွေ့နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးချိန်တွင် မြန်မာ့မီဒီယာသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲရမည်ဟု ကြိုတင်မြော်တွေးပြီး အဆင့်(၃) ဆင့်ပါ Media Reform ကို စတင်လုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။

အဆင့်(၁)မှာ စာပေစိစစ်ရေးမူများကို ဖြေလျှော့ပေးခြင်းနှင့် ယနေ့ ထုတ်ဝေနေကြသည့် ဂျာနယ်၊ မဂ္ဂဇင်းများကို မူဘောင်များနှင့်အညီ လွတ်လပ်ခွင့်ပေးခြင်းဖြစ်သည်။ အဆင့်(၂)မှာ ထိုသို့ ဆောင်ရွက်ရင်းဖြင့် တစ်ဖက်တွင် အခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိသည့် မီဒီယာဥပဒေရေးဆွဲရန်ဖြစ်ကာ အဆင့်(၃)မှာမူ ယင်းမီဒီယာဥပဒေအတည်ပြုပြီးသည့်အခါ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။ ယနေ့ လက်တွေ့အကောင်အထည်ဖော်မှုတွင် ယခင်က သတ်မှတ်ထားသည့် စာပေစိစစ်ရေး အခြေခံမူ(၂၂)ချက် နှင့် အသေးစိတ်မူအချက်(၇၀)ခန့်မှ အများစုကို ပယ်ဖျက်ပေးကာ ပိုမိုပွင့်လင်းသည့် လွတ်လပ်ခွင့်ဘောင်အတွင်းတွင် ဂျာနယ်များ၊ မဂ္ဂဇင်းများ ရေးသားခွင့်ရနေပြီဖြစ်ကြောင်း တွေ့ရသည်။ တစ်ဖက်တွင် ဤသို့လွတ်လပ်ခွင့်ရလာသကဲ့သို့ တစ်ဖက်တွင်လည်း လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရား တွဲ၍တာဝန်ယူသည့် အလေ့အကျင့်ရစေရန် စည်းရုံးဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိရပေသည်။

တစ်ဖက်က ဤသို့ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း ယခင်က ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ စာစောင်များအားလုံးအနေဖြင့် စာမူကြမ်းကို စာပေစိစစ်ရေးသို့ တင်ပြပြီး စာပေစိစစ်ရေးက စိစစ်ခွင့်ပြုသည့်အခါကျမှသာ ထုတ်ဝေခွင့်ရခဲ့သော်လည်း ယခုအခါ စာပေအမျိုးအစားခြောက်မျိုးကို လွတ်လပ်စွာ ထုတ်ဝေခွင့်ပေးထားပြီဖြစ်သည်။ ယင်းစာပေအမျိုးအစား ခြောက်မျိုးသည် ဖြေလျှော့ပေးထားသည့် စာပေစိစစ်ရေးမူများအတွင်းတွင် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားဘောင်အတွင်းမှ လွတ်လပ်စွာ ရေးနိုင်ကြပြီဖြစ်သည်။ စာပေစိစစ်ရေးသို့ တင်ပြရန်မလိုတော့။ ယခုအခါ ပညာရေးနှင့်ပတ်သက်သည့်စာပေကိုလည်း လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပေးနေပြီဖြစ်ရာ စာပေအမျိုးအစားခုနစ်မျိုးအထိ တိုးမြှင့်ဖြေလျှော့ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ထိုသို့ တိုးမြှင့်ဖြေလျှော့ပေးနေခြင်းသည် သက်ဆိုင်ရာမီဒီယာဥပဒေပေါ်ပေါက်လာချိန်တွင် မီဒီယာသမားများအနေဖြင့် အလိုက်သင့် အံဝင်ခွင်ကျ ဆက်လက်ဆောင်ရွက်သွားနိုင်စေရန် ရည်မှန်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

တစ်ပြိုင်နက်တည်းမှာပင် အဆင့်(၂)ဖြစ်သည့် မီဒီယာဥပဒေရေးဆွဲခြင်းသည်လည်း အကြမ်းအဆင့် ရေးဆွဲပြီးဖြစ်နေပေပြီ။ ယင်းဥပဒေကို ရေးဆွဲရာတွင်လည်း တာဝန်ရှိသူများအား အာဆီယံနိုင်ငံများအပါအဝင် အခြားနိုင်ငံများမှ မီဒီယာဥပဒေများကို လေ့လာစေခြင်း၊ နိုင်ငံတကာမီဒီယာနှင့် သတင်းမီဒီယာနှင့် ပတ်သက်သည့် Seminar များ၊ Workshop များသို့ တက်ရောက်စေခြင်းဖြင့် အတွေ့အကြုံများ ရယူစေခဲ့သည်။ ယင်းလေ့လာ တွေ့ရှိချက်များအပေါ် အခြေခံလျက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လည်းကောင်း၊ မိမိတို့နိုင်ငံ၏ ပကတိအရှိတရားများနှင့်လည်းကောင်း ကိုက်ညီအောင် ရေးဆွဲခဲ့ပြီး ရှေ့နေချုပ်ရုံး၏ အကြံပြုချက်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ မကြာခင်တွင်လည်း Seminar on Media Development in Myanmar ဆိုသည့် ခေါင်းစဉ်ဖြင့် UNESCO မှ ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များ ပူးပေါင်းကာ Seminar တစ်ခု ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက်တွင်မှ မီဒီယာဥပဒေကို အသင့်မြတ်ဆုံးဖြစ်အောင် ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ စနစ်တကျ ပြုစုရေးဆွဲထားခြင်းဖြစ်၍ နောင်တွင် ပေါ်ပေါက်လာမည့် မြန်မာနိုင်ငံ၏မီဒီယာဥပဒေသည် အာဆီယံနိုင်ငံများ၏ မီဒီယာဥပဒေများထက် မနိမ့်ကျကြောင်း တွေ့ရှိနိုင်မည်ဖြစ်ပေသည်။

တတိယအဆင့်အားဖြင့် ယင်းဥပဒေ အတည်ဖြစ်လာချိန်တွင် မြန်မာ့မီဒီယာလောကသည်လည်း ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆက်လက်ဆောင်ရွက်ခွင့်ရကြမည်ဖြစ်ပေသည်။ ဥပဒေအတည်မပြုနိုင်မီကတည်းက ယခုကဲ့သို့ ပြုပြင်ပြောင်းလဲ လေ့ကျင့်ကျင့်သုံးစေခြင်းဖြင့် ဥပဒေအတည်ဖြစ်ချိန်တွင် မီဒီယာလောကသားများ၏ ဆောင်ရွက်မှုများသည်လည်း ဥပဒေနှင့်အညီ ထပ်မံပြုပြင်လိုက်နာရန်မလိုတော့ဘဲ အချိန်ကိုက်တစ်သားတည်းဖြစ်သွားရန် ရည်မှန်းထားသည်။ ဥပဒေထွက်လာချိန်ကျမှ စတင်ပြောင်းလဲကျင့်သုံးရပါက အခက်အခဲများ များစွာတွေ့ကြုံရမည့်အခြေအနေကို ရှောင်လွှဲနိုင်ရန် တင်ကူးစီမံဆောင်ရွက်ထားခြင်းပင် ဖြစ်သည်။

ပြီးခဲ့သည့်ခေတ်များတွင် ကွန်မြူနစ်တို့သည်လည်းကောင်း၊ ဆိုရှယ်လစ်တို့သည်လည်းကောင်း ဒီမိုကရေစီကို လိုရာဆွဲ၍ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲများနှင့် ကျင့်သုံးသွားခဲ့ကြပြီး မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ မကျင့်သုံးနိုင်ခဲ့သဖြင့် ယင်းခေတ်က ပေါ်ထွန်းခဲ့သည့် စာပေစာနယ်ဇင်းလောကကိုကြည့်လျှင် စတုတ္ထမဏ္ဍိုင်၏ အနှစ်သာရနှင့်အညီ ဆောင်ရွက်သွားနိုင်ခြင်းမရှိခဲ့သည်ကို တွေ့ရပေသည်။ မီဒီယာအဖွဲ့အစည်းပေါင်း ၂၀ ကျော် အပြိုင်အဆိုင်ဖွဲ့ခဲ့ကြသော်လည်း ယင်း ၂၀ ကျော်သောအဖွဲ့အစည်းတို့သည် အမျိုးသားအကျိုးစီးပွားထက် ၎င်းတို့၏ လူပုဂ္ဂိုလ်အကျိုး၊ ဝါဒအကျိုး၊ ပါတီအကျိုး စသည်ဖြင့် လိုရာဆွဲ၍ သုံးခဲ့ကြသည်ကို တွေ့ရပေသည်။ ပြည်သူတို့သည်လည်း မီဒီယာ၏လမ်းမှားရာနောက်သို့ အယောင်ယောင် အမှားမှားဖြင့် လိုက်ပါသွားခဲ့ကြရပြီး ယင်းခေတ် ယင်းကာလတွင် ဒီမိုကရေစီ၏အကျိုးကို ထိထိရောက်ရောက် ခံစားရခြင်းမရှိခဲ့သည်မှာ အားလုံးလက်တွေ့မျက်မြင်ပင်ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်တွင် ယင်းဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရန်အတွက် ဆောင်ရွက်ရမည့်သူများမှာ အစိုးရ၊ လွှတ်တော်အသီးသီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၊ ပြည်သူများ၊ NGO အဖွဲ့အစည်းများဖြစ်ကြပြီး စာပေစာနယ်ဇင်းဆိုသည့် စတုတ္ထမဏ္ဍိုင်သည်လည်း ပါဝင်ဆောင်ရွက်ရပေမည်။ ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရန်အတွက် စတုတ္ထမဏ္ဍိုင်ဟူသော စာပေစာနယ်ဇင်းများအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် နိုင်ငံ၏မဏ္ဍိုင်(၃)ရပ် တည့်မတ်မှန်ကန်စေရန် ထိန်းမတ်ပေးရပေမည်။ ကျန်မဏ္ဍိုင်(၃)ခုသည်လည်း ၎င်းတို့ဘာသာ ၎င်းတို့တည့်မတ်ရန် အမျိုးသားအကျိုးစီးပွားကိုအခြေခံကာ ဒီမိုကရေစီကို မှန်မှန်ကန်ကန်ကျင့်သုံးရင်း တည်ဆောက်ရပေမည်။ ထိုသို့ တည်ဆောက်သကဲ့သို့ အချင်းချင်း အပြန်အလှန်လည်း ထိန်းညှိပေးရမည် ဖြစ်သည်။

ဤနေရာတွင် ပြည်သူကိုလည်း ချန်ထား၍မရပေ။ ဥပဒေပြုအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် တရားစီရင်ရေးအဖွဲ့များကို ပြည်သူက ရွေးချယ်ခဲ့သည်ဖြစ်ရာ ပြည်သူတို့၏ကဏ္ဍက အရေးကြီးပေသည်။ သို့ဖြစ်ရာ မဏ္ဍိုင်ကြီး(၄)ရပ်သာမက (၅)ရပ်ရှိသည်ဟုပင် ယူဆနိုင်ပြီး ယင်းထပ်တိုးပဉ္စမမဏ္ဍိုင်သည်ကား ပြည်သူများ ဖြစ်သင့်ပေသည်။ သို့ဖြစ်ရာ ပြည်သူများကိုယ်တိုင်က ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိကျင့်သုံးနိုင်စေရေး ဆောင်ရွက်ပေးရန် လိုအပ်ပေမည်။ မြန်မာပြည်သူများအပါအဝင် ယနေ့ ကမ္ဘာ့ပြည်သူများသည် အသိ၊ ဗဟုသုတ၊ အမှား အမှန်ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်စွမ်း၊ Wisdom ဖြင့် ဆုံးဖြတ်နိုင်စွမ်း နည်းပါးကာ ဆွဲဆောင်ရာနောက်သို့ အလွယ်လိုက်ပါသွားတတ်ကြကြောင်း၊ Emotion နှင့် ဆုံးဖြတ်သွားတတ်ကြကြောင်း တွေ့မြင်နိုင်ပေသည်။ သို့ဖြစ်၍ စတုတ္ထမဏ္ဍိုင်သည် ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်စေရေးအတွက် ပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့၊ ဥပဒေပြုရေးအဖွဲ့၊ တရားရေးအဖွဲ့၊ ပါတီများနှင့် နိုင်ငံရေးသမားများကို တတ်နိုင်သမျှ ထိန်းကျောင်းဆောင်ရွက်သွားရမည်ဖြစ်ပေသည်။ သို့ဖြစ်ရာ ယင်းသို့ ထိန်းကျောင်းပေးရမည့် စတုတ္ထမဏ္ဍိုင်ကိုယ်တိုင်ပင်လျှင် စတုတ္ထမဏ္ဍိုင်၏ အရည်အသွေးပြည့်ရန်၊ စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်နိုင်ရေး တည်ဆောက်ရန် လိုပေမည်။

သို့ဖြစ်ရာ ယနေ့ မီဒီယာလောကတွင်ရှိနေသည့် မီဒီယာသမားများ အားလုံး၏ အရည်အသွေး Capacity Building ကို မြှင့်တင်ရန် လိုပေမည်။ ထိုသို့ မြှင့်တင်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီလည်း လိုအပ်ပေသည်။ သို့သော် ပံ့ပိုးကူညီမှုသာလိုအပ်ခြင်းဖြစ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင်မူ မိမိမီဒီယာ၏ ကိုယ်ပိုင်ပကတိအမြင်နှင့်သာ ဆောင်ရွက်သင့်ပေသည်။ မြန်မာ့မီဒီယာတွင် အရပ်မျက်နှာပေါင်းစုံမှ အရောင်အသွေးတို့ လာရောက်စုပေါင်းရောယှက်စွန်းထင်း ပေကျံမှုမရှိသင့်ကြောင်း သုံးသပ်ရှုမြင်မိပေသည်။

မိမိတို့၏ ဒီမိုကရေစီရေးကား ယခုမှ တစ်နှစ်ပြည့်ရုံသာရှိသေးလျက် အလွန်နုနယ်သေးသည်။ အနောက်ကမ္ဘာတွင်မူ ဒီမိုကရေစီကိုစခဲ့ကြသည်မှာ နှစ်ပေါင်းရာချီနေပြီဖြစ်သည့်အလျောက် ယင်းနိုင်ငံများမှ ပြည်သူများ၊ ပါတီများ၊ နိုင်ငံရေးသမားများ အားလုံးသည်လည်း သင့်တင့်လျောက်ပတ်စွာ ရင့်ကျက်နေကြပေပြီ။ မိမိတို့တွင်မူ **ဒီမိုကရေစီနှင့်ပတ်သက်၍ ပြည်သူအတွင်း၌လည်းကောင်း၊ နိုင်ငံရေးသမားများအတွင်း၌လည်းကောင်း၊ မီဒီယာသမားများအတွင်း၌လည်းကောင်း ရင့်ကျက်မှုအမှန်ပင် လိုသေးသည်။ သို့ဖြစ်၍ အရာရာတွင် ယင်းနိုင်ငံတို့နှင့် တစ်ထပ်တည်းကျရန်မှာ ယနေ့အခါ ခက်သေးသည်။ သို့သော် မိမိတို့ မြန်မာများ မည်သို့၊ အရိပ်ပြလျှင် အကောင်မြင်တတ်သူများပီပီ လေ့လာစရာရှိသည်များ လေ့လာရင်း၊ အတုယူသင့်သည်များ အတုယူရင်း လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို လက်ကိုင်ထားသည့် မီဒီယာရထားထိန်း၏ စောင့်ရှောက်မှုများဖြင့် ဒီမိုကရေစီအမြန်ရထားကို များမကြာမီအတွင်း အသားကျစီးနင်းလိုက်ပါနိုင်ပေလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုနည်းပါး၍ ယာဉ်မတော်တဆဖြစ်မှုများ မကြာခဏဖြစ်ပွား

မန္တလေး မတ် ၁၈

နိုင်ငံတစ်ဝန်းတွင် ယာဉ်မတော်တဆမှုများဖြစ်ပွားပြီး ယာဉ်တိုက်မှုတွင် ပါဝင်သူများ ဒဏ်ရာရ၊ သေဆုံးမှုသတင်းများကို သတင်းစာများ၊ ဂျာနယ်များ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းမီဒီယာများတွင် တွေ့ရှိကြားမြင် နေရသည်။ ယာဉ်မတော်တဆမှုဖြစ်ပွားမှုများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းသည့်အချက်မှာ အဓိကအကျဆုံးဖြစ်နေသည်ကို တွေ့ရသည်။

လမ်းပြောင်းပြန် မောင်းနှင်ခြင်း၊ သတ်မှတ်မိုင်နှုန်းထက်ပို၍ မောင်းနှင်ခြင်း၊ လမ်းလု၍ယာဉ်ကို အပြိုင်အဆိုင် မောင်းနှင်ခြင်း၊ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းစသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်မှုများနှင့် အတူ ယာဉ်နှင့်ကုန်မမျှ ကုန်ပိုကုန်လျှံများ တင်ဆောင်ခြင်း**(ယာပုံ)** တို့ကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားပြီး အဖိုးတန်လူ့အသက်များ ပျက်စီးဆုံးရှုံးကြရသည်။ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများတွင် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် တိုးမြှင့်ဆောင်ရွက်နေသကဲ့သို့ နယ်မြို့များတွင်လည်း ယာဉ်စည်းကမ်း၊

လမ်းစည်းကမ်း ထိန်းသိမ်းမှုလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက နေ့စဉ်အရေးယူဆောင်ရွက်လျက်ရှိသည်။ သို့တိုင် ယာဉ်စည်းကမ်း ၊ လမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ် အရေးယူသူများ၏ မျက်ကွယ်တွင် စည်းကမ်းလိုက်နာမှုမရှိဘဲ မောင်းနှင်သွားလာနေသည့်ယာဉ်မောင်းများ ရှိနေဆဲဖြစ်သည်။ (၅၇၉)

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ မန္တလေး၌ ကျင်းပ

မန္တလေး မတ် ၁၈

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၁၇ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ၂၇ လမ်း၊ ၆၈ လမ်းနှင့် ၆၉ လမ်းကြားရှိ အမှတ်(၁) မူလတန်းကြိုကျောင်းဝင်း အတွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသိန်းက အဖွင့်အမှာစကားပြောကြားပြီး CDEC မှ ဒါရိုက်တာ ဒေါ်ကေသီက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ပေါ်ပေါက်လာရသည့် သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမျိုးသားစာပေဆုရ စာရေးဆရာမ ခင်ခင်ထူးနှင့် မမနိုင် (မန္တလေးရုပ်သေး) တို့က ဟောပြောဆွေးနွေးကြသည်။ အစီအစဉ်အရ Young Women Leadership Program မှ မန္တလေးသင်တန်းဆင်းများ၏ ပြဇာတ်များတင်ဆက်ခြင်း၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်တွဲဖက်ပညာရေးအထက်တန်းကျောင်းမှ သမီးပျိုများ၏ ပလောင်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ လူရွှင်တော်ရွှေဖလားရွှေတံဆိပ်သုံးဆုရ ချစ်ချော၊ ပွမ်ပွမ်တို့က ဟာဒယရွှင်ဆေး တိုက်ကျွေးခြင်း၊ တစ်ဦးချင်း၊ အဖွဲ့လိုက်သီချင်းများ သီဆိုခြင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။ (၀၀၂)

ပြည်ထောင်စုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ဖွင့်လှစ်ပေးထားသော အဆင့်မြင့်ပညာနှင့် နည်းပညာတက္ကသိုလ်များ

ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာများ သင်ကြားနိုင်ရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(တာဝ)(အပေါ်ဝဲပုံ)နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်(အပေါ်ပုံ)တို့ကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာရှင်များ ပေါ်ထွန်းလာစေရန် တည်ဆောက်ဖွင့်လှစ်ထားသော ဒဂုံတက္ကသိုလ်(ဝဲပုံ)ကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆင့်မြင့်နှင့် ကွန်ပျူတာပညာရှင်များ ပေါ်ထွန်းလာစေရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(အောက်ပုံ)ကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သီလဝါစက်မှုနယ်မြေ၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ရေကြောင်းပညာတက္ကသိုလ်(အောက်ဆုံးပုံ)ကို တွေ့ရစဉ်။

* နိုင်ငံတော်က ပညာရေးတိုးတက်မြင့်မားလာအောင် မြှင့်တင်ဆောင်ရွက်ပေးမှုကြောင့် တောင်ပေါ်မြေပြန့်တစ်ခွင်တွင် ပညာသင်ကြားမှုအခွင့်အလမ်းများ ပွင့်လန်းနေသည်ကို တွေ့ရှိနိုင်သည်။
* အခြေခံပညာကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာ အခမဲ့သင်ယူနိုင်ခွင့်၊ ထိုမှတစ်ဆင့် အလယ်တန်း၊ အထက်တန်းပညာအထိ သင်ကြားနိုင်ခွင့်များ ညီမျှစွာဖြစ်ထွန်းအောင် လမ်းဖွင့်ဆောင်ရွက်ပေးလျက်ရှိသည်။
* အဆင့်မြင့်ပညာကဏ္ဍ၌လည်း ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် စသည်တို့ကို ဖွင့်လှစ်ပေးထားသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

✻ ကျောဖုံးမှ

စာပေပညာရှင်များ၏ မျိုးချစ်စိတ်မာန် အရင်းခံပြီး ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် အမျိုးသားရေး အကျိုးစီးပွားများနှင့် အမျိုးသားယဉ်ကျေးမှုအနုပညာ အမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် တပ်မတော်အုပ်ချုပ်သည့် စနစ်မှ ဒီမိုကရေစီစနစ်ဖြင့် ပြည်သူအများက ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များက တိုင်းရေးပြည်ရာများကို ပြည်သူများကိုယ်စား စီမံခန့်ခွဲသောစနစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်ခဲ့ကြပြီဖြစ်ကြောင်း၊ ထို့အတူ စတုတ္ထမဏ္ဍိုင်ကိုလည်း ကျင့်ဝတ်နှင့်အညီ လွတ်လပ်မှုနှင့် တာဝန်ယူမှုရှိသော၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားရှိသော မဏ္ဍိုင်ကောင်းတစ်ခုဖြစ်လာရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ် မတ် ၃၁ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အစိုးရအဖွဲ့၏ မူဝါဒဆိုင်ရာ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာတွင်လည်း စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာနှင့် ပတ်သက်ပြီး အစိုးရ၏ သတင်းမီဒီယာများအပေါ် ထားရှိသော ရပ်တည်ချက်သဘောထားကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ အပိုဒ်ခွဲ(က)အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သတင်းနှင့်စာနယ်ဇင်းဆရာများ၊ ဂျာနယ်လစ်များသည်လွတ်လပ်စွာ ဖော်ထုတ်ခွင့် (Freedom of Expression) ကိုရရှိကြမည် ဖြစ်ကြောင်း၊ ထိုသို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ရရှိလာကြသော ဂျာနယ်လစ်များသည် စာနယ်ဇင်းကျင့်ဝတ်ဟုခေါ်သော Code of Ethics ကိုလည်း တိကျစွာလိုက်နာစောင့်ထိန်းကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ လွတ်လပ်မှုဆိုသည်ကို ကျင့်ဝတ်မြင့်တင် ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း၊ စာနယ်ဇင်းကျင့်ဝတ်များကိုကြည့်လျှင် အမှန်တရားကို လေးစားခြင်းနှင့် ပြည်သူတို့၏ အမှန်တရားပိုင်ခွင့်များကို လေးစားခြင်း (Respect for the truth and for the right of public to the truth) ကိုလိုက်နာကျင့်ကြံရန်ဆိုသည့် အချက်တစ်ချက်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ တစ်ခါတစ်ရံ မှားယွင်းသော သတင်းအချက်အလက်တစ်ခုကို ဖော်ပြခဲ့မိလျှင် ကြီးစွာသော ပြဿနာကို ဖြစ်ပေါ်စေတတ်ကြောင်း၊ မှားယွင်းသော သတင်းအချက်အလက်များသည် တစ်ပါးသူ၏ စိတ်နှလုံးကို ထိခိုက်စေခြင်း၊ ဂုဏ်သရေညှိုးနွမ်းစေခြင်းတို့ကို ဖြစ်စေတတ်ကြောင်း၊ ပြည်သူများ၏ အမှန်တရား သိပိုင်ခွင့်ကိုလည်း ထိခိုက်ရာရောက်ကြောင်း၊ ထို့ကြောင့် ဂျာနယ်လစ်တိုင်းသည် မိမိတို့ရေးသားဖော်ထုတ်တင်ပြမည့် သတင်းအချက်အလက်များကို အမှန်ဖြစ်စေရန် အစဉ်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သကဲ့သို့ မမှန်ကန်သော သတင်းအချက်အလက်တစ်ခုကို၊ အမှန်ဟုယူဆရန် ဒွိဟသံသယဖြစ်ဖွယ်ရှိနေလျှင် သေချာမှုမရှိဘဲ ဖော်ထုတ်တင်ပြခြင်း မပြုမိကြရန် အထူးအရေးကြီးကြောင်း၊ မှန်ကန်သော သတင်းတစ်ခုဖြစ်အောင် ရရှိသည့် အခြေအမြစ်၊ အကြောင်းအရာများအပေါ် ဘက်စုံထောင့်စုံမှ ဝေဖန်ဆင်ခြင်သုံးသပ်ပြီး ဖော်ထုတ်ရေးသားသွားကြရန် အထူးပင်လိုအပ်ကြောင်း။

ဂျာနယ်လစ်ကျင့်ဝတ်နှင့် ပတ်သက်သည့် ဒုတိယအချက်မှာ လူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ တုံ့ပြန်ဖြေရှင်းပြောကြားပိုင်ခွင့် (Right of reply)ပင် ဖြစ်ကြောင်း၊ သတင်း အကြောင်းအရာတစ်ခုကို စာနယ်ဇင်းများက ရေးသားဖော်ပြရာတွင်ပါဝင်သော အချက်အလက်သည် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကိုထိခိုက်ခဲ့ပါက ၎င်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအနေဖြင့် ရှင်းလင်းဖြေကြားခြင်းနှင့် ငြင်းဆိုခြင်းတို့ကို ပြုပိုင်ခွင့်ရှိမည်ဖြစ်ကြောင်း၊ တရားဥပဒေ၌ စွပ်စွဲခံရသူသည် ကာကွယ်ပိုင်ခွင့် Right of defence ရှိသည့်နည်းတူ မတရားစွပ်စွဲ ပြောဆိုရေးသားဖော်ပြခြင်း ခံရမှုမျိုးတွင်လည်း နစ်နာသူက တုံ့ပြန်ရှင်းလင်းခြင်း၊ ငြင်းဆိုခြင်းစသည့် အခွင့်အရေးများ ရှိရမှာဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းနှင့်စာနယ်ဇင်းဆရာများ၊ ဂျာနယ်လစ်များသည် ယခုပြောကြားခဲ့သော အချက်များကို အလေးအနက်ထား ခံယူကျင့်သုံးကြရန်လည်း အထူးလိုအပ်မည်ဖြစ်ကြောင်း။

နောက်အချက်တစ်ချက်မှာ ဂျာနယ်လစ်များအနေဖြင့် အမှန်ကို ဖြေရှင်းတင်ပြရန်တာဝန် (Obligation of correction)ကို လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ မိမိရေးသားဖော်ပြခဲ့သော မှားယွင်းသည့် သတင်းအချက်အလက်၊ ကိန်းဂဏန်း၊ သဘောတရား သို့မဟုတ် ရုပ်ပုံကားချပ်တို့အတွက် အမှန်ပြင်ဆင်ချက်ဆိုသည်ကို ထည့်သွင်းဖော်ပြပေးရန် တာဝန်ရှိကြောင်း၊ နိုင်ငံတကာ မီဒီယာဥပဒေများတွင် သတင်းနှင့်စာနယ်ဇင်းများက မှားယွင်းမှုအတွက် အနီးစပ်ဆုံးထုတ်ဝေမည့်စာစောင်တွင် အလားတူစာမျက်နှာ နေရာ၌ အလားတူ စာလုံးအရွယ်အစားဖြင့် ပြင်ဆင်ချက် ပြန်လည်ဖော်ပြပေးရမည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရကြောင်း၊ ယင်းပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင်လည်း ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် သတင်းအချက်အလက်မှန်ကန်ရေး၊ ပြည်သူတို့၏ ဖြေရှင်းတင်ပြခွင့်ကို လေးစားရေးနှင့် အမှန်ပြင်ဆင်ချက် ပြန်လည်ထည့်သွင်းပေးရေးတို့သည်

ပထမအကြိမ် အမျိုးသားသတင်းဆုရရှိကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်း ဂျာနယ်လစ်များအတွက်အထူးလိုက်နာ စောင့်ထိန်းအပ်သော ကျင့်ဝတ်များဖြစ်ကြောင်း မှာကြားလိုကြောင်း။

ထိုအထဲမှာမှ မိမိတို့နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဟုခေါ်သော ဤစာပေစာနယ်ဇင်းမဏ္ဍိုင်အပေါ် မိမိအနေဖြင့် အမြဲခံယူတိုက်တွန်းနေသော အချက် (၅)ချက်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ နံပါတ်တစ်အချက်မှာ စာပေစာနယ်ဇင်းမဏ္ဍိုင်သည် ဘက်မလိုက်ရန်လိုကြောင်း၊ နံပါတ်နှစ်မှာ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြကြသည့်အခါ ပြည်သူများအနေဖြင့် မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်နိုင်ရန်အတွက် ရှုထောင့်တစ်ခုတည်းက ကြည့်ပြီးမရေးဘဲ ဘက်စုံ၊ ထောင့်စုံ၊ အောက်ကရော၊ အထက်ကရော၊ ဝဲဘက်ကရော၊ ယာဘက်ကရော၊ အရှေ့ကရော၊ အနောက်ကရော ဘက်စုံထောင့်စုံမှ ရေးသားဖော်ပြပေးရန်ဖြစ်ကြောင်း၊ နံပါတ်သုံးမှာ မိမိတို့ ထိုသို့ ရေးသားကြသည့်အခါတွင်လည်း လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားကို အမြဲတမ်း ယှဉ်တွဲကျင့်သုံးပြီး ရေးသားဖော်ဆောင်ပေးရန်ဖြစ်ကြောင်း၊ နံပါတ်လေးမှာ ယနေ့ ဒီမိုကရေစီခေတ်တွင် ဒီမိုကရေစီစနစ်နှင့်အညီ လွတ်လပ်စွာ တွေးခေါ်နိုင်၊ ယူဆနိုင်၊ ထင်မြင်နိုင်၊ ကွဲပြားနိုင်ခွင့်ရှိကြောင်း၊ သို့သော်လည်း တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ယင်းသို့ ကွဲပြားကြသည့်ကြားမှာUnity in Democracy ဆိုသည်လည်း ရှိသင့်ကြောင်း၊ Unity in Democracy ကိုလည်း ဖော်ဆောင်နိုင်အောင် ကြိုးစားရန်လိုကြောင်း၊ နံပါတ်ငါးအနေဖြင့် ထိုကဲ့သို့ Unity in Democracy ကို ဖော်ဆောင်သည့်အခါ၊ ပျိုးထောင်ကြသည့်အခါ အမျိုးသားရေးကို အခြေခံရန်ဖြစ်ကြောင်း၊ ဤအချက် (၅)ချက်သည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကို သွားကြသည့်အခါ တိုင်းပြည်အတွက် အရေးကြီးသော စာပေစာနယ်ဇင်းမဏ္ဍိုင်အနေဖြင့် ရှေးရှုလိုက်နာသင့်သည့် အချက်များဖြစ်သည်ဟု အကြံပြုပြောကြားလိုကြောင်း။

အလားတူ စာပေစာနယ်ဇင်းမဏ္ဍိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနကလည်း တစ်ထောင့်တစ်နေရာမှ တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စာပေ၊ ပုံနှိပ်မီဒီယာကဏ္ဍနှင့် ပတ်သက်၍လည်း ခေတ်နှင့်မလျော်ညီတော့သော ဥပဒေများကို အစားထိုးရန် ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာရမည်ဖြစ်ပြီး ဥပဒေသစ် မပေါ်ပေါက်မီ အချိန်အတွင်းတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သဟဇာတဖြစ်သော ပေါ်ပေါက်လာမည့် ပုံနှိပ်မီဒီယာဥပဒေနှင့်လည်း အံဝင်ခွင်ကျဖြစ်သော နယ်ပယ်ကဏ္ဍမျိုးဖြစ်လာအောင် ကြိုတင်မျှော်မှန်း ဆောင်ရွက်လာခဲ့ကြောင်း။

စာပေစိစစ်ရေးမူဝါဒများကို အဆင့်ဆင့်ပြောင်းလဲကျင့်သုံးရမည့် စီမံချက်မျိုးကို ကြိုတင်မျှော်မှန်းရေးဆွဲခဲ့ကြောင်း။

ထိုစီမံချက်အရ ၂၀၁၁ ခုနှစ် ဇွန်လတွင် ပထမအဆင့်အနေဖြင့် အနုပညာ၊ နည်းပညာ၊ ကျန်းမာရေး၊ ကလေးစာပေနှင့် အားကစားစာပေ ဘာသာရပ်(၅)ခုကို လည်းကောင်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် စီးပွားရေးနှင့် ဥပဒေမှုခင်းဆိုင်ရာ ဘာသာရပ်(၂)ခုကို လည်းကောင်း၊ ၂၀၁၂ ခုနှစ် မတ်လတွင် ပညာရေးဘာသာရပ်ကို လည်းကောင်း ထုတ်/တင်စနစ်သို့ ပြောင်းလဲကျင့်သုံးပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တင်ပြပြီးမှ ထုတ်ဝေရသောစနစ်မှာ သတင်းဂျာနယ်များနှင့် ဘာသာရေး(၂)မျိုးသာ ကျန်တော့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ယနေ့ အချိန်တွင် ပြည်တွင်း၌ ထုတ်ဝေနေသော ဂျာနယ် ၂၁၂ စောင်အနက် ထုတ်/တင်စနစ် ဂျာနယ်ပေါင်း၁၃၉ စောင်ရှိပြီး တင်/ထုတ်စနစ် ဂျာနယ် ၇၃ စောင်သာ ကျန်ရှိကြောင်း၊ အလားတူ မဂ္ဂဇင်း ၁၈၉ စောင်အနက် ထုတ်/တင်စနစ် မဂ္ဂဇင်း ၁၂၄ စောင်ရှိပြီး တင်/ထုတ်စနစ်မဂ္ဂဇင်း ၆၅ စောင်သာ ကျန်တော့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း။

အလားတူ ဤဘာသာရပ် (၈)မျိုးနှင့် သက်ဆိုင်သော အထွေထွေဆိုင်ရာ စာမူများသည်လည်း ထုတ်/တင် စနစ်ဖြင့် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စာပေစာနယ်ဇင်းနှင့် ပတ်သက်သော ဥပဒေတစ်ရပ်ကို ရေးဆွဲနေကြောင်း၊ ရေးဆွဲနေသော စာပေစာနယ်ဇင်းဥပဒေသည် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အာဆီယံနိုင်ငံများမှ ဥပဒေများကို လေ့လာရေးဆွဲခြင်းဖြစ်ကြောင်း၊ ထို့အပြင် ယခုရက်ပိုင်းအတွင်းမှာပင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် UNESCO တို့ ပူးပေါင်းပြီး မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်၌ ကျင်းပသွားရန်ရှိကြောင်း၊ ထိုဆွေးနွေးပွဲများမှ ရရှိသည့်အကြံဉာဏ်၊ သုံးသပ်ချက်များထဲမှ သင့်လျော်ကောင်းမွန်သော အချက်များကိုလည်း မြန်မာမီဒီယာလောကအတွက် ရယူအသုံးပြုသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာပေစာနယ်ဇင်းဆိုင်ရာ ဥပဒေသည် ယင်းအာဆီယံနိုင်ငံများ၏စံထက် မနိမ့်ကျပါဘူးဆိုသည်ကို အသိပေးပြောကြားလိုကြောင်း။

ထို့အပြင် လက်ရှိအချိန်၌ ဒီမိုကရေစီနိုင်ငံရေးစနစ်သစ်နှင့်အညီ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲ ဖွဲ့စည်းလျက်ရှိကြောင်း၊ လက်ရှိမြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးကိုလည်း ခေတ်စနစ်များနှင့်လျော်ညီအောင် ပြုပြင်ဖွဲ့စည်းသွားရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အရေးပေါ်ညီလာခံကို ယခုလ နောက်ဆုံးပတ်တွင် ကျင်းပမည်ဟု သိရှိထားကြောင်း၊ ယခုတက်ရောက်လာကြသော စာရေးဆရာကြီးများ၊ သတင်းစာဆရာကြီးများအပါအဝင် စာပေလောကအကျိုးကို လိုလားသူများ၊ စာပေဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများကလည်း ခေတ်နှင့်အညီ စာပေနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ ပီပီပြင်ပြင် ပေါ်ထွက်လာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါဟု ပြောကြားလိုကြောင်း။

အမျိုးသားအဆင့် သတင်းဆုများရရှိကြမည့်သတင်းမီဒီယာများ၊ တစ်ဦးချင်းဆုရရှိကြသူများအနေဖြင့်လည်း ယခုကဲ့သို့ နိုင်ငံအကျိုး၊ ပြည်သူအကျိုးအခြေခံသော သတင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းပါကြောင်း၊ အလားတူ မြန်မာ့ဒီမိုကရေစီ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသမျှဆောင်ရွက်နေကြသော သတင်းမီဒီယာလောကသားများအားလုံး၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း အသိအမှတ်ပြုကြောင်း ပြောကြားလိုပါကြောင်း၊ ဒီမိုကရေစီမြန်မာ့ လူ့အဖွဲ့အစည်း ရှင်သန်တည်တံ့နိုင်ရေးအတွက် သိက္ခာရှိသော၊ အရည်အချင်းရှိသော၊ စစ်မှန်သော စတုတ္ထမဏ္ဍိုင်ကို ဝိုင်းဝန်းတည်ဆောက်အကောင်အထည် ဖော်ပေးကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားသတင်းဆုကော်မတီဥက္ကဋ္ဌ ဦးစိုးသိမ်း(မောင်ဝံသ) က အမှာစကား ပြောကြားသည်။

ယင်းနောက် အမျိုးသားသတင်းဆုများကို ချီးမြှင့်ရာ အမျိုးသားသတင်းဆုကော်မတီနာယက စာရေးဆရာ ဖိုးသောကြာက "နိုင်ငံ့အနာဂတ်သစ်အတွက် အစပျိုးခြင်း"ဖြင့် အကောင်းဆုံးသတင်းဆုရရှိကြသော ကုမုဒြာဂျာနယ်မှ နန်းလွင်၊ အေးသီရိဝင်း၊ နှင်းရတနာဇော်နှင့် ဝင့်ဝတီတို့အား လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ ဦးစိုးသိမ်း (မောင်ဝံသ) က "လက်နက်ကိုင်အရေး စားပွဲဝိုင်းပေါ်ရောက်ပြီလား"ဖြင့် အကောင်းဆုံး သတင်းဆောင်းပါးဆုရ 7 Day News ဂျာနယ်မှ ငြိမ်းငြိမ်းနိုင်အား လည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက "အငြိမ်းစားဝန်ထမ်းပင်စင်နှင့် နိုင်ငံရေးပင်စင်အရွေ့ (သို့မဟုတ်)နေညိုချိန် တိမ်တောက်ခြင်း" ဖြင့် အကောင်းဆုံးသတင်းဓာတ်ပုံဆုရ Popular News ဂျာနယ်မှ အောင်နိုင်စိုးအား လည်းကောင်း၊ အကဲဖြတ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးရွှေမင်းသားက "ပုံပြင်ထဲကလိုတော့" အကောင်းဆုံး သတင်းကာတွန်းဆုရ True News ဂျာနယ်မှ သီဟ(စခန်းသစ်)အား လည်းကောင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က "နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခြင်း" သတင်းဓာတ်ပုံဖြင့် အထူးခြားဆုံး အမျိုးသားသတင်းဓာတ်ပုံဆုရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှ အကြီးတန်းသတင်းထောက်(ဓာတ်ပုံ) မောင်မောင်သန်း(ကော့မှူး)အား လည်းကောင်း ဆုများချီးမြှင့်ကြပြီး ဆုရရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က အမျိုးသားသတင်းဆုကော်မတီ Logo ပြိုင်ပွဲတွင် ဆုရရှိသူ ချိုဇော်အောင်အား လည်းကောင်း၊ ဦးစိုးသိမ်း(မောင်ဝံသ)က အမျိုးသားသတင်းဆုကော်မတီဆု ရုပ်တုဆုရ ဦးဆန်နီညိမ်းအား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် အလှူငွေများ လှူဒါန်းကြရာ ရွှေသံလွင်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်းဘဏ်)က ငွေကျပ်သိန်း ၅၀၊ ကမ္ဘောဇဘဏ်လီမိတက်၊ ဧဒင်ကုမ္ပဏီလီမိတက်နှင့် Messenger ဂျာနယ်တို့က ငွေကျပ် ၂၅ သိန်းစီ၊ Asian Fame Media Group နှင့် Myanmar Album Media Services Co., Ltd. တို့က ငွေကျပ်သိန်း ၂၀ စီ၊ Hot News ဂျာနယ်နှင့် 7 Day News ဂျာနယ်တို့က ငွေကျပ် ၁၅ သိန်းစီ၊ ရန်ကုန်မီဒီယာဂရု(ပ်)နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၁၀ သိန်းစီ၊ The Voice ဂျာနယ်က ငွေကျပ်သုံးသိန်းနှင့် Artman Media Group က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) နှင့် အမျိုးသားသတင်းဆုကော်မတီ ဘဏ္ဍာရေးမှူး ဒေါ်နန်းကလျာဝင်းတို့က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အလက်ာဝတ်ရည် တေးဂီတအဖွဲ့၊ တယောဦးတင်ရီအဖွဲ့နှင့် ဖိုးချစ်အဖွဲ့တို့က တေးသံသာများ၊ အော်ပရာနှင့် နှစ်ပါးသွားအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၃-၂၀၁၂(တနင်္လာနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်		**"ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၁၃)**
၇း၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)	၇း၅၀	"ပြဒါးသေတစ်ဆွေ ဝ သံသေတစ်ပြည် ဝ"
		၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် -"ဒီမို့မွေးနေ့" (ရှက်တယ်၊ နိုင်လူ၊ ဝါးခယ်မ ရဲမောင်၊ ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ-အကယ်ဒမီ ဇော်မြင့်ဦး) -ကမ္ဘာကျော်သရုပ်ဆောင်များ **-အိန္ဒိယရုပ်ရှင် "ပန်းပျိုးသောလက်တစ်စုံ" (အပိုင်း-၁)**
၅း၀၀	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)		
၅း၁၀	မြန်မာစာ၊ မြန်မာစကား		
၅း၂၅	(၆၇)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်		
၅း၃၅	"တစ်သက်တာတီဘီကင်းဝေးရေး အားလုံးပါဝင်ဆောင်ရွက်ပေး"		
၆း၂၀	ဆိုကြမယ်၊ ပျော်ကြမယ်		
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ**		

အမျိုးသမီးအခြေခံ ရဲတပ်သားသင်တန်းဆင်းပွဲနှင့် ကြံ့ခိုင်မှုစွမ်းရည်ပြပွဲ ကျင်းပ

ရန်ကုန် မတ် ၁၈

အခြေခံရဲတပ်သားသစ်(အမျိုးသမီး)သင်တန်း အမှတ်စဉ် ၁၆/၂၀၁၁ သင်တန်းဆင်းပွဲကို မတ် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မာန်အောင်ရဲရိပ်သာဝင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့် လေ့ကျင့်ရေးညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်က ကျောင်းဆင်းမိန့်ခွန်းပြောကြားသည်။**(အောက်ပုံ)**

ဆက်လက်၍ သင်တန်းဆင်းရဲမေများ၏ ကြံ့ခိုင်မှုစွမ်းရည်ပြပွဲကို ကျင်းပရာ မိုင်းများခွဲထားရာကြားသို့ ဖြတ်သန်းခြင်း၊ လက်တွေ့သေနတ်ပစ်လက်ဖြောင့်စွမ်းရည်ပြသခြင်း၊ မြန်မာ့သိုင်းကိုယ်ခံပညာများ သရုပ်ပြခြင်းနှင့် ခုန်ပျံကျော်လွှားအခက်အခဲအတားအဆီးမျိုးစုံဖြတ်ကျော်ပြခြင်းများကို လက်တွေ့ပြသကြသည်။ ခြောက်လတာကြာမြင့်ခဲ့သည့် သင်တန်း၌ အကောင်းဆုံးသင်တန်းသူဆုကို တပ်စု(၂)မှ မပြည့်ဖြိုးခိုင်က ရရှိသည်။ အဆိုပါသင်တန်း၌ အမျိုးသမီးရဲမေ ၁၁၀ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။ (၆၈၁)

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၈

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် မတ် ၁၇ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်တောင်ဘက် ၉ မိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်၍ ဓာတ်အားပေးစက်ရုံ စက်အမှတ်(၁)၊ (၂)၊ (၃)တို့မှ ဓာတ်အားထုတ်လုပ်စမ်းသပ်မောင်းနှင်နေမှုနှင့် စက်ရုံရေထုတ်မြောင်းတို့ကိုလည်းကောင်း၊ ဓာတ်အားထိန်းချုပ်ခန်းမှ နိုင်ငံတော်ဓာတ်အား ကွန်ရက်စနစ်အတွင်းသို့ ဓာတ်အားပို့လွှတ်ထိန်းချုပ်မောင်းနှင်နေမှု အခြေအနေများနှင့် ရေလွှဲထိန်းစည်၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းတည်ဆောက်ပြီးစီးမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဖိအားနိမ့်သံမဏိပိုက်လိုင်းတပ်ဆင်ပြီးစီးမှုများ၊ တမံအတွင်း ရေဝင်ရောက်နေမှု၊ ရေသိုလှောင်ထားရှိမှုများနှင့် ဆွစ်ယာဒ်တည်ဆောက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်း၏ အချောသပ်မြို့ပြလုပ်ငန်းများ သတ်မှတ်အချိန်ကာလများအတိုင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့သည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ၉၈ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား ၆၀ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အား ကွန်ရက်စနစ်သို့ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ပေးပို့နေပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးမှ လမ်းကွန်ရက်အမှတ်(၁၁) ပုသိမ်-ငပုတောလမ်းနှင့် ပေပင်မြစ်ကူးတံတားကြီး ဖွင့်တော့မည်

ဧရာဝတီတိုင်းဒေသကြီးမှ ပုသိမ်-ငပုတောလမ်းနှင့် ၎င်းလမ်းပေါ် ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်ခဲ့သည့် အလျား ပေ ၇၂၀ ရှိ ပေပင်မြစ်ကူးတံတားကြီး ဖွင့်တော့မည်ဟုသတင်းရသဖြင့် ကျွန်တော်တို့သတင်းအဖွဲ့သည် ကင်မရာဆွဲ၍ ပုသိမ်သို့ ၁၅-၂-၂၀၁၂ ရက်နေ့က ထွက်ခဲ့ကြသည်။

ပုသိမ်-ငပုတော ကားလမ်းသည် ပုသိမ်မြို့နယ် ကန်ကြီးဒေါင့်မြို့နယ်နှင့် ငပုတောမြို့နယ်တို့သို့ ဆက်သွယ်ထားသောလမ်းဖြစ်သည်။ မိုင်အားဖြင့် ၂၀ မိုင် ၅ ဖာလုံရှိသည်။ ပုသိမ်-ငပုတောလမ်း၏ (ပုသိမ်-ရှမ်းရွာအပိုင်း) ၄ မိုင် ၂ ဖာလုံအထိသည် စည်ပင်လမ်းဖြစ်ပြီး ၁၇ မိုင် ၃ ဖာလုံသည် ပုသိမ်ခရိုင်၊ မအူပင်ခရိုင် လမ်းအထူးအဖွဲ့(၂)၊ လမ်းအထူးအဖွဲ့(၄)၊ လမ်းအထူးအဖွဲ့(၁၅)၊ လေယာဉ်ကွင်းအထူးအဖွဲ့ (၂)၊ အဆောက်အအုံအထူးအဖွဲ့(၅)တို့က တာဝန်ခွဲဝေယူ၍ ဖောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။ ကားလမ်းကို ၁၂ ပေ အကျယ် ကတ္တရာလမ်းခင်းခြင်းနှင့် ၃၄ ပေအကျယ် မြေသားတာပေါင် တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ ပုသိမ်-ငပုတောလမ်းသည် ၁၉၉၂ ခုနှစ်တွင် ပြည်သူလုပ်အားဖြင့် မြေသားတာပေါင် လမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့သော လမ်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သောလမ်းဖြစ်သည်။

ထို့ပြင် အဆိုပါ ပုသိမ်-ငပုတောလမ်းပေါ်ရှိ သရောင်းတံတား၊ ကညင်ကုန်းတံတား၊ စလူချောင်းတံတား၊ ဝဲကြီးချောင်းတံတား၊ ဖျံရေကျော်တံတား၊ ပဒဲကောချောင်းတံတား၊ ပေပင်မြစ်ကူးတံတား၊ သက္ကယ်ချောင်းတံတားတို့ကို တံတားအထူးအဖွဲ့(၇)၊ တံတားအထူးအဖွဲ့(၁၂)တို့မှ တာဝန်ယူတည်ဆောက်လျက်ရှိရာ တံတားအထူးအဖွဲ့(၁၂)က တာဝန်ယူတည်ဆောက်နေသည့် အလျားပေ ၁၈၂၀ ရှိ သက္ကယ်ချောင်းတံတား တစ်ခုသာ တည်ဆောက်ဆဲဖြစ်ပြီး ကျန်ရှိသည့် တံတားများမှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဟု သိရသည်။

ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိ သံကူကွန်ကရစ် တံတားအမျိုးအစား ပေပင်မြစ်ကူးတံတားကြီးကို တွေ့ရစဉ်။

မကြာမီ ဖွင့်ပွဲကျင်းပမည့် ပုသိမ်-ငပုတောကားလမ်းတွင် ပါဝင်ပြီး တံတားအထူးအဖွဲ့(၇)မှ တာဝန်ယူ၍ ၁ နှစ်နှင့် ၃ လအတွင်း အပြီးတည်ဆောက်ခဲ့သည်။ ပေ ၂၇၀ ရှိ ပေပင်မြစ်ကူးတံတားဆိုင်ရာ အချက်အလက်များမှာ-

၁။	တည်နေရာ	- ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးဒေါင့်မြို့နယ် ပုသိမ်-ငပုတောလမ်း
၂။	တံတားအမျိုးအစား	
	အပေါ်ထည်	- သံပေါင်ရက်မ
	အောက်ထည်	- သံကူကွန်ကရစ်
	အုတ်မြစ်	- သံကူကွန်ကရစ်လွန်တူးပိုင်
၃။	ခန်းဖွင့်ဖွဲ့စည်းပုံ	- ၆ × ၁၂၀ ပေ
၄။	စုစုပေါင်းတံတားအလျား	- ၇၂၀ ပေ
၅။	ယာဉ်သွားလမ်းအကျယ်	- ၂၄ ပေ
၆။	လူသွားလမ်းအကျယ်	- တစ်ဖက်လျှင် ၃ ပေ ၆ လက်မစီ
၇။	တံတားအောက်ရေလမ်းကင်းလွတ်နယ်	
	အကျယ်	- ၁၀၂ ပေ
	အမြင့်	- ၁၇ ပေ
၈။	ခွင့်ပြုယာဉ်အလေးချိန်	
	မော်တော်ယာဉ်	- H.S 25-44 (၄၅ တန် နှစ်လမ်း)
	ယာဉ်တစ်စီးချင်းခွင့်ပြုတန်	- ၆၀ တန်
၉။	လုပ်ငန်းစတင်သည့်နေ့	- ၁၀-၁-၂၀၁၁ ရက်နေ့ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ် ဒေသ ဖြစ်သည့်အားလျော်စွာ မြစ်ချောင်းများ ပေါများပြီး ကုန်းလမ်းနှင့် တစ်ဆက်တစ်စပ်တည်း သွားလာရန်ခက်ခဲသော နေရာဒေသတစ်ခုဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲလျက် လမ်းကွန်ရက် ၁၁ လမ်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပုသိမ်-ငပုတောလမ်းအား လမ်းအမှတ်(၁၁) အဖြစ် သတ်မှတ်၍ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပုသိမ်-ငပုတောလမ်းအား တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေးအတွက် ပေပင်မြစ်ကူးတံတားတည်ဆောက်နိုင်ရန် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၇)သို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) တံတားဦးစီးမှ ၂၀-၉-၂၀၁၀ ရက်နေ့က တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူး

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လမ်းအမှတ်(၁၁) ပုသိမ်-ငပုတောလမ်းအား တည်ဆောက်ရခြင်း၏ရည်ရွယ်ချက်မှာ ငပုတောမြို့သည် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ရေလမ်းကိုသာ အားထားသွားလာနေရသဖြင့် အနီးဆုံး ပုသိမ်မြို့သို့ပင် လေးနာရီခန့် အချိန်ယူသွားလာရသည်ဆို၏။ ပုသိမ်-ငပုတောကားလမ်းအား ဖောက်လုပ်တည်ဆောက်ပေးခြင်းဖြင့် ပုသိမ်မြို့သို့ ကားဖြင့် တစ်နာရီအတွင်း အရောက်သွားလာနိုင်ပြီး မြန်မာနိုင်ငံနေရာဒေသအသီးသီးသို့ ပုသိမ်မှ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရန်အတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

၂၀ မိုင် ၅ ဖာလုံအရှည်ရှိ ပုသိမ်-ငပုတောကားလမ်းကို အပြီးသတ်ကတ္တရာလောင်းနေစဉ်။

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆန်စပါးအများဆုံး ထွက်ရှိရာဒေသဖြစ်သဖြင့် မြန်မာနိုင်ငံ၏ စပါးကျီဟု တင်စားခေါ်ဝေါ်ကြသည်။ ငပုတောမြို့နယ်သည် ဆားလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေထွက်ကုန်ပစ္စည်းများ ထွက်ရှိရာဒေသဖြစ်သည့် အားလျော်စွာ ပုသိမ်-ငပုတောမှ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ကြမည်ဖြစ်ပြီး စီးပွားရေးအနေဖြင့်လည်း ငပုတောမြို့နယ်အတွင်း ရေနက်ဆိပ်ကမ်းမှတစ်ဆင့် နိုင်ငံခြားပို့ကုန်များအား လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ခြင်း၊ နိုင်ငံခြားမှ တင်သွင်းလာသော ကုန်ပစ္စည်းများနှင့် ငပုတောဒေသ၏ အဓိကထွက်ကုန်များအား နိုင်ငံအတွင်း နေရာဒေသအသီးသီးသို့ လွယ်ကူလျင်မြန် လုံခြုံချောမွေ့စွာ ပို့ဆောင်နိုင်မည့်အပြင် ဒေသအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးများ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်

ဓာတ်ပုံ
ကျော်မိုးလွင်

၂၀ မိုင် ၅ ဖာလုံအရှည်ရှိ ပုသိမ်-ငပုတောကားလမ်းကို တွေ့ရစဉ်။

သရေပွဲများဖြင့် အဆုံးသတ်ခဲ့သည့် MNL အမှတ်ပေးပြိုင်ပွဲ

မန္တလေး မတ် ၁၈

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၁၀) နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ သုံးပွဲစလုံး သရေပွဲများဖြင့် အဆုံးသတ်ခဲ့သည်။

(ဗထူးကွင်း)

ရတနာပုံ-နှစ်ဂိုး

(ကိုနေးအဒမ်မာနှင့်ဒီဂျမ်)

ကမ္ဘောဇ-နှစ်ဂိုး

(ဟန်ဆန်နှင့်လစ်ပီလစ်ပီ)

ကမ္ဘောဇအသင်းမှာ အဝေးကွင်းတွင် ရတနာပုံအသင်းကို သရေကစားပြီး ထိပ်ဆုံးနေရာကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သော်လည်း အနိုင်ကို မထိန်းနိုင်၍ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ထိပ်ဆုံးနေရာအတွက် အရေးပါသည့်ပွဲစဉ်ဖြစ်သောကြောင့် နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ပြီး ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ ရတနာပုံအတွက် ဦးဆောင်ဂိုးများကို မိနစ် ၂၀ တွင် ကိုနေးအဒမ်မာနှင့် ၈၁ မိနစ်တွင် ဒီဂျမ်တို့က သွင်းယူခဲ့ပြီး ကမ္ဘောဇအတွက် ချေပဂိုးများကို ၅၁ မိနစ်တွင် ဟန်ဆန်နှင့် ၈၆ မိနစ်တွင် လစ်ပီလစ်ပီတို့က သွင်းယူခဲ့သည်။

(သုဝဏ္ဏကွင်း)

Southern-တစ်ဂိုး

(ဇင်မျိုးဝင်း)

ဟံသာဝတီယူနိုက်တက်-တစ်ဂိုး

(စတန်လေ)

(အောင်ဆန်းကွင်း)

ချင်းယူနိုက်တက်-ဂိုးမရှိ

မောရဝတီ-ဂိုးမရှိ

ပွဲစဉ်(၁၀)အပြီးတွင် ကမ္ဘောဇအသင်းက ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရတနာပုံက ဒုတိယ၊ ဧယာဝတီ/ဧရာ်မြေက တတိယ၊ နေပြည်တော်က စတုတ္ထ၊ မနောမြေက ပဉ္စမ၊ လက်ရှိချန်ပီယံ ရန်ကုန်က ဆဋ္ဌမနှင့် ရောဝတီက သတ္တမနေရာတို့တွင် ရှိနေသည်။

၂၁-၃-၂၀၁၂

(သုဝဏ္ဏကွင်း)

AFC CUP ပြိုင်ပွဲ

ရောဝတီယူနိုက်တက်(မြန်မာ)-ကီလန်တန်(မလေးရှား)

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ရတနာပုံနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်နေစဉ်။





ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့

"အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၂"

၂၀၁၂ ခုနှစ်၊ မတ်လ (၂၂) ရက်မှ (၃၁) ရက်အထိ

တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ပါသည်။

အသက် (၉) လမှ (၅) နှစ်အတွင်း ကလေးငယ်များအားလုံးကို

မပျက်မကွက် ခေါ်ဆောင်လာ၍ ကာကွယ်ဆေးထိုးကြရန်

မြန်မာ့အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ ၂၀၁၂ ဖွင့်လှစ်ပြသ

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် မြန်မာ့အလုပ်အကိုင် အခွင့်အလမ်းများပြပွဲ ၂၀၁၂ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပရာ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အောက်ယာပုံ)**

မြန်မာ့အလုပ်အကိုင် အခွင့်အလမ်းများပြပွဲ ၂၀၁၂ ကို နိုင်ငံအတွင်း အလုပ်အကိုင်နေရာများ ဖန်တီးပေးနိုင်သော လုပ်ငန်းများနှင့် အလုပ်အကိုင်ရှာဖွေနေသော လူငယ်များ တစ်နေရာတည်းတွင် တိုက်ရိုက်တွေ့ဆုံနိုင်ရန်၊ လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပိုမိုရရှိနိုင်ရန်၊ အလုပ်ရှာဖွေနေသော လူငယ်လူရွယ်များအတွက် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် ဝန်ဆောင်ခကုန်ကျစရိတ်မရှိဘဲ လုပ်ငန်းများ၊ ကုမ္ပဏီများနှင့် တိုက်ရိုက်တွေ့ဆုံကာ အလုပ်အကိုင်များရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြပွဲတွင် ပြခန်းပေါင်း ၅၀ ခန့်ပါဝင်ပြသပြီး ပြပွဲကို မတ် ၁၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသခဲ့သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဟောပြောပွဲကို နေ့စဉ် ညနေ ၃ နာရီတွင် ကျင်းပခဲ့ပြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ကာတွန်းဆရာ အော်ပီကျယ်တို့က ဟောပြောခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

မြဝတီ မတ် ၁၈

ဦးမိုးဇော်ထွန်းသည် မြဝတီမြို့ မြစန္ဒီဂေါက်ကွင်း၌ မတ် ၁၅ ရက် ညနေပိုင်းက ကစားဖော်များဖြစ်ကြသော ဦးသန်းထူး၊ ဦးလင်းဦး၊ ဦးထွန်းမြင့်ခိုင်နှင့် ဦးကျော်ထွန်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Srixon No-4 ဘောလုံးကို Maruman Iron No-9 တုတ်ဖြင့် ရိုက်လိုက်ရာ Par(3) တွင် ကိုက် ၁၂၀ အကွာရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(၅၇၀)

ယနေ့ ဖတ်စရာ မှတ်စရာ

ဆေးဖက်ဝင် ရှားစောင်းလက်ပပ်ပင်

သတင်းမှတ်စု

ခင်သူဇာလှိုင်(စက်မှုစွမ်းအား)

နွယ်မြက်သစ်ပင်တို့သည် ကမ္ဘာကြီးတည်ရှိစဉ်ကတည်းက ပေါ်ပေါက်နေကြသည်။ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး စသော အရသာများ ပြည့်စုံ၍ သုံးတတ်လျှင် ဆေးဖက်ဝင်၍ ရောဂါများပျောက်ကင်းကုန်ကြသည်။ မြန်မာလူမျိုးတို့သည် ဆေးဖက်ဝင်အပင်များကို သုံးစွဲလေ့ရှိပြီး ရောဂါများကုသလေ့ရှိသည်။ လူတွင်မဟုတ် တိရစ္ဆာန်များပင် နွယ်မြက်သစ်ပင်တို့ကို ရှာဖွေ၍ စားသုံးခြင်းဖြင့် ရောဂါများ ပျောက်ကင်းကြသည်။

ရှားစောင်းလက်ပပ်ပင်သည် အေးခါးအရသာရှိပြီး လေကိုနိုင်သည်။ ရှားစောင်းလက်ပပ်ပင်သည် မီးယပ်ရောဂါကို ကုသနိုင်သော အထူးကောင်းမွန်သည့် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည်။ အပင်တွင် အရည်ရွှမ်းသော ပင်ငယ်ပင်ပျော့ပင်ဖြစ်သည်။ အမြင့်တစ်ပေ၊ တစ်ပေခွဲအထိမြင့်ပြီး အပင်ရင်းမှ အရွက်များ တောင့်တောင့်ရောင့်ရောင့်ဖြာထွက်နေပြီး အစိမ်းနုရောင်ရှိသည်။ ပျစ်ချွဲသော အသားများရှိ၍ ရွက်ဖျားနားတွင် ဆူးလေးများရှိ၏။ အလျားမှာ တစ်တောင်ကျော်ရှိပြီး အထုမှာ တစ်လက်မမှ နှစ်လက်မအထိရှိသည်။ သုံးနှစ်ခန့်အရွယ်တွင် ပန်းခိုင်ထွက်ပြီး နီဝါရောင်အပွင့်လေးများ ပွင့်သည်။ ရှားစောင်းလက်ပပ်ပင်သည် အားကိုဖြစ်စေသည်။ သွေးကို မှန်ကန်ပြီး သုက်ကိုပွားစေ၏။ အရိုးကျိုးသူများနှင့်သင့်၏။ လေနာ၊ အဆိပ်နာ၊ သရက်ရွက်နာ၊ အသည်းနာ၊ ပျို့အန်နာ၊ သလိပ်ဖျားနာ၊ မီးလောင်နာ၊ ဖျားနာ၊ ကျောက်ပေါက်နာ၊ ရတ္တပိတ်နာ(သွေးအန်သွေးလွန်နာ)၊ အရေဖျားနာတို့ကိုနိုင်ကြောင်း ဆေးကျမ်းများက ဆိုထားသည်။

အရွက်ကို ဆေးဘက်တွင် သုံးစွဲနိုင်ပြီး အတွင်းသားများကို ရေအေးနှင့်စိမ်၍ ၎င်းရေကို သကြားနှင့်စိမ်ပြီး သောက်လျှင် သွေးဆူခြင်း၊ သွေးတိုးမြန်ခြင်း၊ မျက်စိနာခေါင်း၊ ခံတွင်းစသည်တို့ ပူလောင်ခြင်း ငြိမ်းလေသည်။ ရှားစောင်းလက်ပပ်အတွင်းသားကို သတ္တုရည်လိမ်းပေးခြင်းဖြင့် ဖောရောင်ခြင်းများ ကျဆင်းစေသည်။ ရှားစောင်းလက်ပပ်ပင် အတွင်းသား ခုနစ်ကျပ် ရှစ်ပဲသားကို ဆားစိမ်း ၁၁ ပဲသား ရေနှင့်ရော၍ ကျိုပါ။ ဆူပွက်၍ အမြှုပ်ထလာပါက ဆေးအိုးကိုချ၍ စစ်ယူထားပါ။ ဆေးရည်နှစ်ကျပ်သားနှင့် သကြားနှစ်ကျပ်ခွဲသား ရောစပ်၍ နံနက်စောစော သောက်ပါ။ ဝမ်းနှင့်ဆီးများသက်၍ ရေဖျဉ်းရောဂါ၊ ဖောရောင်ကြီးရောဂါများ ကျဆင်းပျောက်ကင်းစေသည်။

ရှားစောင်းလက်ပပ်သည် မီးယပ်ဆေးအဖြစ် အလွန်အသုံးဝင်ပြီး ရှားစောင်းလက်ပပ်ကို ပါးပါးလှီးပြီး ဟင်းခါးချက်စားလျှင် ဓမ္မတာကို မှန်စေသည်။ သားအိမ်နှင့် အင်္ဂါစပ်နာသောရောဂါများ ပျောက်စေသည်။ ထို့ပြင် ဖျဉ်းစွဲရောဂါ၊ အသည်းရောဂါ၊ အရေနာ၊ အဖျားနာ၊ ပန်းနာ၊ နူနာ၊ ကိုယ်ရေဝါရောဂါများ ပျောက်ကင်းသော ဆေးပင်ဖြစ်သည်။

သွေးစုနာ၊ အကျိတ်အဖုနာများအတွက် ရှားစောင်းလက်ပပ်အနှစ်ကို အုံပေးခြင်း၊ လိမ်းပေးခြင်းများဖြင့် ပြည်ပေါက်၍ ငန်းမန်းများ ကြေစေသည်။ မျက်စိနာရောဂါဖြစ်ပါက ရှားစောင်းလက်ပပ်အနှစ်ကို အုံပေးပါက ပျောက်စေပြီး နားကိုက်ပါက ရှားစောင်းလက်ပပ်အတွင်းသား အရည်ညှစ်ပြီး မီးနွေး၍ နားထဲသို့ ထည့်ပေးပါက နားကိုက်၊ နားနာခြင်းများ အလျင်အမြန်ပျောက်စေသည်။

ဆီးပူ ဆီးအောင့်ဖြစ်လျှင် ရှားစောင်းလက်ပပ်အနှစ်ကို ဆန်ဆေးရည်တွင် စိမ်ပြီး သကြားထည့်သောက်ပါက ပျောက်ကင်းစေသည်။ ရှားစောင်းလက်ပပ်အတွင်းသား သတ္တုရည်ကိုသောက်ပါက အအေးမိခြင်း၊ ဖျားခြင်းများပျောက်၏။ မြန်မာ နာနာနယ စွယ်စုံကျမ်းကြီးတွင် တစောင်းလက်ပပ် (ရှားစောင်းလက်ပပ်ပင်) သည် မီးယပ်နာကို ပျောက်၏။ သွေးကို စင်ကြယ်၏။ ခါး၍ အမြုပ်ရှိပြီး အတန်ငယ်ဖန်၏။ အနည်းငယ် ငန်၏။ ဝမ်းကို မချုပ်စေတတ်။ အခွံကို လှီးပစ်ပြီး အသားကို ယူ၍ ရေနှင့်စင်ကြယ်အောင်ဆေးပြီး ဟင်းခါးချက်စား၊ မီးနေသည်များနှင့် သင့်၏ဟု ဆိုထားသည်။

သို့ပါ၍ မြန်မာနိုင်ငံတွင် အများဆုံးပေါက်ရောက်နေသော ရှားစောင်းလက်ပပ်ကို ဖော်ပြပါနည်းများအတိုင်း ဖော်ထုတ်အသုံးပြုပါက ရောဂါမျိုးစုံ ပျောက်ကင်းချမ်းသာမှု ရရှိမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဟာယ်ရီရက်နက်ပ် အင်္ဂလန်နည်းပြရာထူး လက်ခံပါက မော်ရင်ဟိုကို အရခေါ်ယူမည်ဟု စပါးအတည်ပြု

ဟိန်းထက်လင်း

လန်ဒန် မတ် ၁၈

အကယ်၍ နည်းပြဟယ်ရီရက်နက်ပ်သာ အင်္ဂလန်နည်းပြရာထူးကို လက်ခံလိုက်မည်ဆိုပါက မော်ရင်ဟိုကို မည်သည့်ဈေးဖြင့်မဆို စပါးအသင်းသို့ အရောက်ခေါ်ယူမည်ဖြစ်ကြောင်း စပါးအသင်းက အတည်ပြုပြောကြားခဲ့သည်။

စပါးအသင်း၏ ဥက္ကဋ္ဌ ဒန်နီယယ်လီဗီက မိမိတို့အနေဖြင့် ရက်နက်ပ်ကို ထိန်းချုပ်ရန် မလွယ်ကူသလို အက်ဖ်အေ၏ အစီအမံကိုလည်း ဖျက်ဆီးရန်ခက်ခဲကြောင်း၊ ထို့ကြောင့် ရက်နက်ပ်သာ အသင်းမှ ထွက်ခွာသွားမည်ဆိုပါက မိမိတို့အနေဖြင့် ရီးယဲလ်မက်ဒရစ်နည်းပြ ဟိုဆေးမော်ရင်ဟိုကို ကြေးကြီးပေးပြီး ခေါ်ယူရန် ဝန်လေးနေမည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မော်ရင်ဟိုကိုယ်တိုင်ကလည်း အင်္ဂလန်သို့ တစ်ကျော့ပြန်လာမည်ဟု တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သလို စပါးအသင်း၏ ချန်ပီယံလိဂ်ဝင်ခွင့်မှာလည်း သေချာလုနီးပါး ဖြစ်နေခြင်းကြောင့် မော်ရင်ဟို၏ အကြိုက်ပင်ဖြစ်သည်။ မော်ရင်ဟိုသည် မည်သည့်အသင်းကို ကိုင်တွယ်သည်ဖြစ်စေ ၎င်း၏အိပ်မက်မှာ ချန်ပီယံလိဂ်ဆုဖလားပင်ဖြစ်သည်။

ထို့ပြင် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်ကလည်း မော်ရင်ဟိုကို လက်လွှတ်ချင်ပုံမရသေးပေ။ ထို့ကြောင့် မော်ရင်ဟို၏ အင်္ဂလန်တစ်ကျော့ပြန်ခရီးတွင် မည်သည့်အသင်းတွင် ခိုနားမည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။

အင်တာနက်။

မာရီလင်မွန်ရိုး၏ ရှားပါးဓာတ်ပုံများ လေလံတင်ရောင်းချမည်

အေဝမ်းစိုး

တစ်ခေတ်တစ်ခါက အမေရိကန် ရုပ်ရှင်လောက၌ ညို့မင်းသမီးအဖြစ် နာမည်ကျော် ထင်ရှားခဲ့သော မာရီလင်မွန်ရိုး၏ ရှားပါးဓာတ်ပုံများကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ဓာတ်ပုံများကို မွန်ရိုးနှင့် ၁၅ နှစ်ကြာလက်တွဲခဲ့သည့် မွန်ရိုး၏ မိတ်ကပ်ပညာရှင် အလန်ဝိုက်တီ ဆနိုင်ဒါထံမှ ရရှိထားခြင်းဖြစ်သည်။ ဓာတ်ပုံတစ်ပုံမှာ ၁၉၆၀ ခုနှစ် Let's Make Love ဇာတ်ကားရိုက်ကူးစဉ်က အတွင်းခံအဝတ်အစားများသာ ဝတ်ဆင်ထားသည့် မွန်ရိုးကို ဆနိုင်ဒါက မိတ်ကပ်များလိမ်းခြယ်ပေးနေသည့်ပုံ ဖြစ်သည်။

လေလံတင်ရောင်းချမည့်သူ ဒါရန်ဂျူလီယန်က မွန်ရိုး၏ ရှားပါးဓာတ်ပုံ ၁၀၀ ကျော်ကို ယခုလနှောင်းပိုင်းတွင် အမြင့်ဆုံးဈေးများဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်ရိုး၏ ရှားပါးဓာတ်ပုံများအပြင် မွန်ရိုးမှ ဆနိုင်ဒါထံသို့ ပေးထားသည့်စာလွှာများ၊ ကြေးနန်းစာများနှင့် ငွေစက္ကူညှပ်သည့် ကလစ်တစ်ခုကိုလည်း မတ် ၃၁ရက်နှင့် ဧပြီ ၁ ရက်တွင် ပြုလုပ်မည့် ဂျူလီယန်၏ ဟောလိဝုဒ်ဒဏ္ဍာရီလေလံပွဲတွင် ထည့်သွင်းရောင်းချသွားမည်ဖြစ်သည်။

ထို့အပြင် အဆိုပါလေလံပွဲ၌ ဖရန့်ခ်ဆီနာထရာ၊ ဂျိန်းစ်ဒင်းန်၊ ချာလီချက်ပလင်နှင့် ဆမ်မိုင်ဒေးဗစ်တို့၏ အမှတ်တရပစ္စည်းများလည်း ပါဝင်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***



မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ပထမအကြိမ် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ပထမအကြိမ် (၂၀၁၂) အစည်းအဝေးကို မတ် ၂၄ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ် (၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံဆေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ဖွင့်ပွဲအခမ်းအနား တက်ရောက် အထိမ်းအမှတ်ရုပ်တုနှင့် ကမ္ပည်းမော်ကွန်းတို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်

နေပြည်တော် မတ် ၁၈

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်ရင်ပြင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်၍ စစ်သမိုင်းပြတိုက် အထိမ်းအမှတ်ရုပ်တုနှင့် ကမ္ပည်းမော်ကွန်းတို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှငွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ (၆၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ စစ်ရေးပြမှူးကြီး၊ စစ်ကြောင်းမှူးများနှင့် အရာရှိ၊ စစ်သည်များ၊ ဗဟိုစစ်တီးဝိုင်းတပ်ဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ အခမ်းအနား တက်ရောက်လာကြသူများအား ဗဟိုစစ်တီးဝိုင်းတပ်ဖွဲ့က ဇာတိသွေးဇာတိမာန်တက်ကြွစေမည့် စစ်သီချင်းများ တီးမှုတ်၍ ဖျော်ဖြေညှို့ခံသည်။

နံနက် ၉ နာရီ ၁၅ မိနစ်တွင် အခမ်းအနား အစီအစဉ် ပထမပိုင်းကို စတင်ကျင်းပရာ အခမ်းအနားမှူးက အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်ဖွင့်ပွဲ အထိမ်းအမှတ် သီချင်းဖြင့် ဖျော်ဖြေညှို့ခံသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ဉာဏ်ထွန်းက တပ်မတော်စစ်သမိုင်းပြတိုက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့က တပ်မတော်စစ်သမိုင်းပြတိုက်အထိမ်းအမှတ်ရုပ်တုအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တပ်မတော်စစ်သမိုင်းပြတိုက်အထိမ်းအမှတ်ရုပ်တုအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဗဟိုစစ်တီးဝိုင်းအဖွဲ့က စစ်သီချင်းများ တီးမှုတ်ကာ အခမ်းအနား ပထမပိုင်းအစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တပ်မတော်စစ်သမိုင်းပြတိုက်ဖွင့်ပွဲ ဒုတိယပိုင်းအစီအစဉ်များကို တပ်မတော်(ကြည်း) ပြခန်းဆောင်မုခ်ဦးရှေ့တွင် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တပ်မတော်စစ်သမိုင်းပြတိုက် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်စစ်သမိုင်းပြတိုက်အထိမ်းအမှတ်ရုပ်တုအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရေးဆွဲနေသော စာပေစာနယ်ဇင်းဥပဒေသည် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အာဆီယံနိုင်ငံများမှ ဥပဒေများကို လေ့လာရေးဆွဲခြင်းဖြစ်

လက်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးကိုလည်း ခေတ်စနစ်များနှင့်လျော်ညီအောင် ပြုပြင်ဖွဲ့စည်းသွားမည်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အမျိုးသားသတင်းဆုကော်မတီတို့ ကြီးမှူးကျင်းပသည့် ပထမအကြိမ် အမျိုးသားသတင်းဆု(National Press Award) ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်ချီးမြှင့်သည်။



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပထမအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အမျိုးသားသတင်းဆုကော်မတီနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အမျိုးသားသတင်းဆုများ အကဲဖြတ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ သတင်းစာဆရာကြီးများ၊ စာပေပညာရှင်ကြီးများ၊ စာပေလောကသားများ၊ ဆုရရှိကြသူများနှင့် မိသားစုများ၊ အလှူရှင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တယောဦးတင်ရီနှင့်အဖွဲ့က "ပန်းတိုင်းပွင့်ပါစေ" အဖွင့်သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့က " သုံးရောင်ခြယ် " သီချင်းနှင့် တွဲဖက်၍ ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော အခမ်းအနားသည် မြန်မာ့သတင်းမီဒီယာလောကဂုဏ်ကိုဆောင်နိုင်ရန် အမျိုးသားသတင်းဆုများ ချီးမြှင့်သည့် ပထမဆုံးသော အခမ်းအနားဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ စာပေဆိုင်ရာဆုများဖြစ်သော အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုဖြစ်သည့် နိုင်ငံတော်ကချီးမြှင့်သော ဆုနှစ်မျိုးအပြင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆုနှင့် ရွှေအမြုတေစာပေဆုများ စသဖြင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကလည်း မြိုင်မြိုင်ဆိုင်ဆိုင် ချီးမြှင့်နေကြကြောင်း၊ ယခု အမျိုးသားသတင်းဆုများ ချီးမြှင့်လိုက်နိုင်ခြင်းသည် တကယ့်ကို ဝမ်းသာကြည်နူးစရာ မင်္ဂလာရှိလှပါကြောင်း။

အမှန်တွင် မိမိတို့နိုင်ငံ၏ စတုတ္ထမဏ္ဍိုင် တစ်နည်းအားဖြင့် သတင်းလောကသမိုင်းကို ပြန်လည်ချိုင့်သုံးသပ်ကြည့်မည်ဆိုလျှင် စာပေလောကသားများ၏ တိုင်းပြည်နှင့် လူမျိုးအကျိုး၊ ဘာသာသာသနာအကျိုးများကို နှလုံးရည်ဖြင့် ဆောင်ရွက်ခဲ့မှုများသည် မြန်မာ့သမိုင်းတွင် အထင်အရှား ရှိခဲ့ပါကြောင်း၊ ဓားသွားထက် ကလောင်သွားထက်သည်ဟု အဆိုရှိသကဲ့သို့ နှစ်ပေါင်း ၂၅၀၀ ကျော်ရှိခဲ့ပြီဖြစ်သည့် နိုင်ငံတော်၏ သက်တမ်းတစ်လျှောက်တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳